ကြေးမုံ
The Mirror Daily
Established in 1957

**ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူ**

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရမရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိ ဟူသောအစာကို စားသုံး၍နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)

၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၁၃ ရက် ကြာသပတေးနေ့။ Thursday, 6 July 2017 (၈၉၇၇)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၁၇ ခုနှစ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၁၇ ခုနှစ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် မဟာသာသနာ့ဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အတုလကာရီ ဆင်မင်းကျောင်း ပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြသည်။

မင်္ဂလာအခမ်းအနားမစတင်မီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သာသနာ့ဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားတွင် တက်ရောက်လာသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ **စာမျက်နှာ ၈ ကော်လံ ၁ သို့**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။**

# မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ပထမဆုံးအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသ

**မန္တလေး ဇူလိုင် ၅**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ပထမဆုံးအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသခြင်းကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါခွဲစိတ်ကုသခြင်းကို အိန္ဒိယနိုင်ငံ Yashoda Hospital မှ ခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် ပူးပေါင်း၍ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးရှိ ခွဲစိတ်ကုဌာနမှ ပါမောက္ခ/ဌာနမှူး(ခွဲစိတ်)နှင့် အသည်းနှင့်သည်းခြေလမ်းကြောင်းဆိုင်ရာ ပါမောက္ခ/ဌာနမှူးများ ဦးဆောင်ကာ အဆိုပါဆေးရုံကြီး နှလုံးခွဲစိတ်ကုသဆောင် ခွဲစိတ်ခန်း၌ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ယင်းဆေးရုံကြီးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီလုပ်ငန်းအတွက် အစစအရာရာ ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ခဲ့ပြီး ဒီနေ့မနက် ၈ နာရီက စတင်ပြီးတော့ ခွဲစိတ်မှုကိုဆောင်ရွက်ခဲ့ပါတယ်။ လူနာက အသက် (၅၅)နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်ပါတယ်။ အသည်းအလှူရှင်က အသက် (၃၀)ကျော် အမျိုးသမီးပါပဲ။ အထူးကုဆရာဝန်ကြီးတွေ ပူးပေါင်းပြီး ခွဲစိတ်မှုတွေဆောင်ရွက်နေဆဲဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

အသည်းအစားထိုးကုသခြင်းဆောင်ရွက်ရန် လူနာအတွက် လိုအပ်သော ဆေးနှင့်ဆေးဝါးပစ္စည်းများကို နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးထားသည့်အပြင် လိုအပ်သည့် ခေတ်မီစက်ပစ္စည်းကိရိယာများကိုလည်း ဝယ်ယူဖြည့်ဆည်းပေးခြင်းနှင့် ဆရာဝန်၊ သူနာပြုနှင့် ကျွမ်းကျင်ပညာရှင်များကိုလည်း အဆိုပါလုပ်ငန်းလုပ်ဆောင်ရန် နိုင်ငံခြားသို့ အကြိမ်ကြိမ်စေလွှတ်၍ လေ့ကျင့်သင်ကြားမှုများ **စာမျက်နှာ ၇ ကော်လံ ၁ သို့**

# ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၅**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ ခန္တီးမြို့တွင် တစ်ပေခွဲခန့်၊ ဟုမ္မလင်းမြို့တွင် နှစ်ပေခန့်၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် ပေဝက်ခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ခန္တီးမြို့တွင် တစ်ပေခန့်၊ နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့တွင် တစ်ပေခွဲခန့်နှင့် ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် နှစ်ပေခန့်စီ ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သဖြင့် ကလေးဝမြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်နှင့် မော်လိုက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**



## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအားလက်ခံတွေ့ဆုံ



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi အား လက်ခံတွေ့ဆုံစဉ်။**

**နေပြည်တော် ဇူလိုင် ၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi အား ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံ၌ လူသားချင်းစာနာမှုအကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံနှင့် UNHCR တို့အကြား ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

❐

# ပထမအကြိမ် မြန်မာ-မော်ရိုကို နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ သံတမန်နှင့် အထူး/ဝန်ထမ်းနိုင်ငံကူးလက်မှတ် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့် လက်မှတ်ရေးထိုးခဲ့

**နေပြည်တော် ဇူလိုင် ၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မော်ရိုကိုနိုင်ငံ ရာဘတ်မြို့၌ ဇူလိုင် ၃ ရက်က ကျင်းပသည့် ပထမအကြိမ် မြန်မာ-မော်ရိုကို နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် မော်ရိုကို နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mrs. Mounia Boucetta ဦးဆောင်သည့် မော်ရိုကို ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲ ယန္တရားအား စတင်ထူထောင်နိုင်ခြင်းအပေါ် ကြိုဆိုခဲ့ကြပြီး မြန်မာ-မော်ရိုကို နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရေး၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။

ထို့ပြင် ၂၀၁၈ ခုနှစ်တွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် နှစ်(၄၀)ပြည့် အထိမ်းအမှတ် အစီအစဉ်များ ပြုလုပ်ရေးနှင့် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။




ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကျော်တင်က မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ရခိုင်ပြည်နယ်၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေတို့ကိုလည်းကောင်း၊ မော်ရိုကို ဒုတိယဝန်ကြီးက မော်ရိုကိုနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မော်ရိုကို ဒုတိယဝန်ကြီးက တည်ခင်းသည့် အလုပ်သဘော နေ့လယ်စာစားပွဲ၌ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် မော်ရိုကိုနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mrs. Mounia Boucetta တို့သည် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲ ယန္တရားထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် မော်ရိုကိုအစိုးရတို့အကြား သံတမန်နှင့် အထူး/ဝန်ထမ်းနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ကိုလည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီး နှစ်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများသည် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ပြုလုပ်ခဲ့ပြီး အစည်းအဝေး ဆွေးနွေးချက်များမှ အဓိကအချက်များကို ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ရာဘတ်မြို့ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် မော်ရိုကို သံတမန်ရေးရာ လေ့လာရေးအကယ်ဒမီသို့ သွားရောက်လေ့လာခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဂျီ-၂၀ ထိပ်သီးညီလာခံအကြိုကာလတွင် ဂျာမနီနှင့် အမေရိကန်ခေါင်းဆောင်တို့ တွေ့ဆုံဆွေးနွေး

ဘွန်း ဇူလိုင် ၅

**ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့၌ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးညီလာခံအကြိုကာလတွင် ဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ ၎င်းတို့နှစ်ဦးသည် ဇူလိုင် ၆ ရက်တွင် ထပ်မံတွေ့ဆုံ ဆွေးနွေးကြဦးမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။**




ဂျာမနီနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ကြီးဖြစ်သော ဟမ်းဘတ်မြို့၌ ဂျီ-၂၀ ခေါင်းဆောင်များ၏ ထိပ်သီးညီလာခံကို ဇူလိုင် ၇ ရက်တွင် စတင်ကျင်းပရန်ရှိနေစဉ် ဝန်ကြီးချုပ်မာကဲလ်နှင့် သမ္မတထရန့်တို့ ဇူလိုင် ၃ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပြဿနာမှသည် အမျိုးသမီးစွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းရေးနှင့် ကုန်သွယ်ရေးကိစ္စရပ်များအထိ နှစ်နိုင်ငံခေါင်းဆောင်များ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြကြောင်း အိမ်ဖြူတော်က ဇူလိုင် ၃ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဂျာမနီနှင့်အမေရိကန်ခေါင်းဆောင်တို့သည် ဇူလိုင် ၆ ရက်တွင် ထပ်မံတွေ့ဆုံကြသည့်အခါ အတ္တလန္တိတ်သမုဒ္ဒရာတစ်ဖက်တစ်ချက်စီရှိ နိုင်ငံကြီး နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ကာကွယ်ရေးအသုံးစရိတ်၊ ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှုနှင့် ရာသီဥတုပြောင်းလဲခြင်းတို့နှင့် ဆက်နွှယ်နေသည့်ပြဿနာရပ်များကို ဆွေးနွေးမည်ဟု မျှော်လင့်ရကြောင်း သတင်းတွင်ဖော်ပြသည်။

ဝန်ကြီးချုပ် မာကဲလ်သည် လွန်ခဲ့သည့် ရက်သတ္တပတ်က ဥရောပခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ရာသီဥတု ကာကွယ်စောင့်ရှောက်ရေးနှင့် ဈေးကွက်များအပြန်အလှန်ဖွင့်ပေးရေးတို့နှင့်ပတ်သက်၍ သန္နိဋ္ဌာန်ပြုပြောကြားခဲ့ပြီး သမ္မတထရန့်၏ "အမေရိကန်က ပထမ" ဟူသော မူဝါဒကို စောင်းပါးရိပ်ခြည် ဝေဖန်ခဲ့သည်။

ဥရောပနှင့် အမေရိကန်အကြား သဘောထားကွဲလွဲမှုများမှာ ထင်ရှားသိသာလှပြီး နှစ်ဖက်သဘောထားအမြင်မတူညီမှုများကို ထိန်ချန်ထားမည်ဆိုလျှင် မရိုးသားရာရောက်လိမ့်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ရိုးသားစွာ ထုတ်ဖော်ပြောဆိုလိုကြောင်း ဝန်ကြီးချုပ်မာကဲလ်က ပြောကြားသည်။

သမ္မတထရန့်သည် ဂျာမနီ၌ရှိနေစဉ်အတွင်း ကုန်သွယ်ရေး၊ စွမ်းအင်နှင့်စစ်ရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ကမ္ဘာ့ခေါင်းဆောင်များနှင့် သီးခြားစီတွေ့ဆုံ ဆွေးနွေးရန် စီစဉ်ထားသည်။

**ရိုက်တာ။**

❑

## ကမ္ဘောဒီးယားနိုင်ငံ ဆီအမ်ရိပြည်နယ်၌ မြေမြှုပ်မိုင်းပုံးပြတိုက် ဖွင့်လှစ်မည်

**ဖနောင်ပင် ဇူလိုင် ၅**

မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲဘဲကျန်ရှိနေသည့် စစ်လက်နက်ပစ္စည်းဟောင်းများပြတိုက်ကို ကမ္ဘောဒီးယားနိုင်ငံ အနောက်မြောက်ပိုင်းရှိ ဆီအမ်ရိပြည်နယ်၌ ဇူလိုင် ၆ ရက်တွင် အခမ်းအနားဖြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ယင်းပြတိုက်ကို အမေရိကန်ဒေါ်လာ ၁၂ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆန်ဒက်ဟွန်ဆန်က ၎င်း၏အင်တာနက်ဖေ့စ်ဘွတ်စာမျက်နှာ၌ ရေးသားထားသည်။

ကမ္ဘောဒီးယား မိုင်းရှင်းလင်းရေးလုပ်ရှားမှု ဒေသဆိုင်ရာဌာနချုပ်ရုံးတွင် အဆိုပါပြတိုက်တည်ရှိမည်ဖြစ်ပြီး မိုင်းရှင်းလင်းရေးလှုပ်ရှားမှု ငြိမ်းချမ်းရေးပြတိုက်ဟု အမည်ပေးထားကြောင်း ၎င်းက ရေးသည်။

ယင်းပြတိုက်တွင် မြေမြှုပ်မိုင်းရှင်းလင်းရေးယာဉ်များနှင့် စက်ပစ္စည်းများ၊ မိုင်းရှင်းလင်းရေးကိရိယာများ၊ မိုင်းရှာဖွေရေးပစ္စည်းများနှင့် အပိုပစ္စည်းများကို ခင်းကျင်းပြသထားမည်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်တွင်းစစ်လွန်ကာလအတွင်း မွေးဖွားလာသည့် လူငယ်များအတွက် စစ်ပွဲများနှင့် ယင်း၏အကျိုးဆက်များကို လေ့လာခွင့်ရသည့်အတွက် အလွန်အကျိုးရှိမည်ဖြစ်ကြောင်း၊ နိုင်ငံအနေဖြင့် ခက်ခဲစွာရရှိထားသည့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းရန် ပြည်သူအားလုံးက ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းကြောင်း ဝန်ကြီးချုပ်ဟွန်ဆန်က ဖော်ပြသည်။

ကမ္ဘောဒီးယားသည် ကမ္ဘာပေါ်တွင် မြေမြှုပ်မိုင်းအထူထပ်ဆုံးနိုင်ငံဖြစ်သည်။ ၁၉၉၈ ခုနှစ်တွင် အဆုံးသတ်ခဲ့သည့် ပြည်တွင်းစစ်ပွဲ၏ ဆယ်စုနှစ်သုံးစုနီးပါးကြာကာလအတွင်း မြေမြှုပ်မိုင်းနှင့် စစ်လက်နက်ဟောင်းအလုံးရေ လေးသန်းမှ ခြောက်သန်းခန့်အထိ မပေါက်ကွဲဘဲ ကျန်ရှိနေခဲ့သည်။

မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသည့် စစ်လက်နက်များကြောင့် ၁၉၇၉ ခုနှစ်မှ ၂၀၁၇ ခုနှစ် ဧပြီလအထိ လူပေါင်း ၁၉၇၅၃ ဦး သေဆုံးခဲ့ပြီး လူပေါင်း ၄၄၉၃၅ ဦးတို့မှာ ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် ခြေလက်အင်္ဂါပြတ်တောက်ခြင်းများ ဖြစ်ပေါ်ခဲ့ရသည်။

**ဆင်ဟွာ။**





## မြောက်ကိုရီးယားက တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည်စမ်းသပ်ပြီးနောက် အမေရိကန်နှင့် တောင်ကိုရီးယား ပဲ့ထိန်းဒုံးကျည်တပ်ဖွဲ့များ ပူးတွဲစစ်ရေးလေ့ကျင့်

**ဆိုးလ် ဇူလိုင် ၅**

တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည်(အိုင်စီဘီအမ်)စမ်းသပ်ပစ်လွှတ်မှုအောင်မြင်ကြောင်း မြောက်ကိုရီးယားနိုင်ငံက ကြေညာခဲ့ပြီးနောက် တစ်ရက်အကြာ ဇူလိုင် ၅ ရက်တွင် အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ ပဲ့ထိန်းဒုံးကျည်တပ်ဖွဲ့များ ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဇူလိုင် ၅ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် တောင်ကိုရီးယားနှင့် အမေရိကန် ပဲ့ထိန်းဒုံးကျည်တပ်ဖွဲ့များက အရှေ့ပင်လယ်တွင် ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ကြောင်း၊ ယင်းမှာ မြောက်ကိုရီးယားက ပဲ့ထိန်းဒုံးကျည်ပစ်လွှတ်မှု ထပ်မံပြုလုပ် ရန်စလှုံ့ဆော်ခြင်းကို တုံ့ပြန်ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ (ဂျေစီအက်စ်)က ပြောကြားသည်။

စစ်ရေးလေ့ကျင့်မှုတွင် တောင်ကိုရီးယားစစ်ဘက်မှ ဟွမ်မူး-၂ အမျိုးအစား ပဲ့ထိန်းဒုံးကျည်များနှင့် အမေရိကန် အမှတ်(၈)တပ်ဖွဲ့၏ (အေတီအေစီ အမ်အက်စ်)မြေပြင်မှ မြေပြင်ပစ်ပဲ့ထိန်းဒုံးကျည်များကို အသုံးပြုကာ အရေးပေါ်အခြေအနေတွင် ပူးပေါင်းစစ်ဆင်နိုင်မှုစွမ်းရည်ကို ပြသကြကြောင်း (ဂျေစီအက်စ်)၏ ကြေညာချက်တွင် ဖော်ပြသည်။

ယင်းစစ်ရေးလေ့ကျင့်မှုပြုလုပ်ရန်အတွက် တောင်ကိုရီးယားသမ္မတ မွန်ဂျေးအင်က အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်အား အဆိုပြုခဲ့ကြောင်း သမ္မတ၏ အထက်တန်းပြန်ကြားရေးအတွင်းဝန် ယွန်ဟောင်ချန်းက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ **ဆင်ဟွာ။**

## တာဝေးပစ်ဒုံးကျည် ပြုံယမ်း အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်

**ပြုံယမ်း ဇူလိုင် ၅**

ဇူလိုင် ၃ ရက်တွင် မြောက်ကိုရီးယားနိုင်ငံက တာဝေးပစ်ဒုံးကျည်တစ်စင်းကို အောင်မြင်စွာ ပစ်လွှတ်နိုင်ခဲ့ကြောင်း မြောက်ကိုရီးယား နိုင်ငံပိုင်သတင်းဌာနက ဇူလိုင် ၄ ရက်တွင် ထုတ်လွှင့်ပြသခဲ့သည်။

အဆိုပါပစ်လွှတ်ခဲ့သည့် ဒုံးကျည်သည် တာဝေးပစ်ဒုံးကျည်တစ်စင်းဖြစ်ပြီး ပြုံယမ်းအနေဖြင့် ပထမဆုံးအကြိမ် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Korean Central Television ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသခဲ့သည့် အဆိုပါ ဗီဒီယိုဖိုင်တွင် ဘီး ၁၆ ဘီးပါသောအလွယ်တကူ ရွှေ့ပြောင်းနိုင်သည့် ဒုံးပစ်စင်ပေါ်တွင် The Hwasong- 14 တာဝေးပစ်ဒုံးကျည်ကို ဒေါင်လိုက်အသင့်အနေထားတွင် တပ်ဆင်ထားပုံကို တွေ့ရှိရသည်။ ထို့နောက် အဆိုပါတာဝေးပစ် ဒုံးကျည်၏ နောက်မြီးပိုင်းမှ လိမ္မော်ရောင် မီးတောက်များ ပန်းထွက်လာပြီး ကောင်းကင်ယံသို့ တည့်မတ်စွာ မြင့်တက်သွားသည်ကို ပြသထားသည်။

ထို့ပြင် ဒုံးကျည်တွင်တပ်ဆင်ထားသော ကင်မရာမှ ရိုက်ကူးပေးပို့သည့် ဓာတ်ပုံများကို အဆိုပါ ဗီဒီယိုရုပ်သံလိုင်းက ထုတ်လွှင့်ပြသခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်ပစ်လွှတ်ခဲ့ပြီး တစ်ရက်အကြာတွင် ဒုံးကျည်ပစ်လွှတ်သည့် ဗီဒီယိုဖိုင်ကို ထုတ်လွှင့်ပြသခြင်းသည် သမ္မတ ဒေါ်နယ်လ်ထရန့် ဦးဆောင်သည့် အမေရိကန်အစိုးရအဖွဲ့အား မထီမဲ့မြင်ပြုခြင်းပင်ဖြစ်သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

ထို့ပြင် ပြုံယမ်းအနေဖြင့် အမေရိကန်နိုင်ငံအထိ ရောက်ရှိနိုင်သော တာဝေးပစ်ဒုံးကျည် ပစ်လွှတ်နိုင်လောက်သည့် နည်းပညာများ ပိုင်ဆိုင်ထားကြောင်း ပြသခြင်း ဖြစ်နိုင်ဖွယ်ရှိသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

ထိုင်းနိုင်ငံအစိုးရအဖွဲ့က ရှာဖွေဖမ်းဆီးမှုများကို ရက်ပေါင်း ၁၂၀ ရပ်တန့်မည်ဟု ကြေညာချက်ထုတ်ပြန်ခဲ့သည်ကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှတစ်ဆင့် သိရှိရပါကြောင်း၊ အဆိုပါ ဖမ်းဆီးမှုများကို ယခုနှစ်ကုန်သည်အထိ ရပ်တန့်ထားမည်ဟု တရားဝင် ထုတ်ပြန်ထားသည်ကိုလည်း ထပ်မံသိရှိရပါကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။



ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတို့သို့ ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် **(ယာပုံ)**ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံ၏ ရွှေ့ပြောင်းအလုပ်သမားများသည် အိမ်နီးချင်းနိုင်ငံများသို့သာမက အခြားသောနိုင်ငံများသို့လည်း သွားရောက်၍ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေကြကြောင်း၊ မကြာသေးမီက ထိုင်းနိုင်ငံတွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံခြားသားအလုပ်သမားများ စီမံခန့်ခွဲရေး ဥပဒေသစ်အရ အရေးယူဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမှ ထွက်ခွာသွားသည့် တရားဝင်လုပ်သားများအပါအဝင် တရားမဝင် လုပ်သားများသည် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လျက်ရှိနေကြောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံ၏ နိုင်ငံခြားသားအလုပ်သမားများ စီမံခန့်ခွဲရေးဥပဒေသစ် စတင်အာဏာမသက်ရောက်မီကတည်းက ထိုင်းနိုင်ငံရှိ တရားမဝင်ရွှေ့ပြောင်းလုပ်သားများကို တရားဝင်ဖြစ်စေရန် ဆောင်ရွက်ပေးခြင်း၊ အလုပ်ရှင်လွဲမှားသူများကို သတ်မှတ်ထားသည့် အလုပ်ရှင်နှင့် ကိုက်ညီရန် ပြန်လည်ဆောင်ရွက်စေခြင်းနှင့် ထိုင်းနိုင်ငံအလုပ်သမားဌာနနှင့် လူဝင်မှုကြီးကြပ်ရေးဌာနတို့က သတ်မှတ်ထားသည့် အချက်အလက်များနှင့် ပြည့်စုံညီညွတ်အောင်ဆောင်ရွက်ကြရန် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဆောင်၍ ကြိုတင်အသိပေး ကြေညာခဲ့ပါကြောင်း၊ အလားတူ ထိုင်းနိုင်ငံရှိ အလုပ်သမားရေးရာများကို ဆောင်ရွက်နေသည့် လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများကလည်း သတင်းအချက်အလက်များ အကြိမ်ကြိမ်ထုတ်ပြန်ခဲ့ကြပါကြောင်း၊ ထိုင်းနိုင်ငံ၏ အလုပ်သမားရေးရာ ဥပဒေသစ်သည် ဇွန် ၂၂ ရက်က စတင်အသက်ဝင်ခဲ့သဖြင့် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများအနေဖြင့် ၎င်းတို့နိုင်ငံအတွင်းရှိ တရားမဝင် အထောက်အထားကင်းမဲ့သူများကို စုံစမ်းရှာဖွေ ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ဖမ်းဆီးခံရသူများတွင် မြန်မာနိုင်ငံသားများသာမက လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ လုပ်သားအချို့လည်း ဖမ်းဆီးခံကြရသည်ကို သိရှိရပါကြောင်း။

ထိုသို့ ဖမ်းဆီးမှုများသည် မြန်မာ-ထိုင်း နှစ်နိုင်ငံ၏ လုပ်သားများအကျိုးကို ထိခိုက်စေပြီး သက်ဆိုင်ရာနိုင်ငံများကို အကျိုးသက်ရောက်စေသည့်အတွက် ဖမ်းဆီးထိန်းသိမ်းမှုများကို ညင်သာစွာဆောင်ရွက်ရန်၊ ရွှေ့ပြောင်းလုပ်သားများ၏ အခက်အခဲများအတွက် ပြင်ဆင်ချိန်ပေးနိုင်ရန်နှင့် ထိုင်းနိုင်ငံတွင်ရောက်ရှိနေသည့် မြန်မာလုပ်သားများကို တရားဝင်ပြန်လည်ခေါ်ယူနိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနသို့ ဇွန် ၂၉ ရက်တွင် တရားဝင်အကြောင်းကြားခဲ့ပါကြောင်း၊ ဇွန် ၃၀ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် ထိုင်းအလုပ်သမားရေးရာဝန်ကြီးဌာန တာဝန်ရှိသူနှင့် အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနတို့ တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာရွှေ့ပြောင်းလုပ်သားများ အရေးကို အလေးအနက်ထား ဆွေးနွေးခဲ့ပါကြောင်း။

ယနေ့နံနက်ပိုင်းအထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် ရွှေ့ပြောင်းလုပ်သားစုစုပေါင်း ၃၄၀၆၉ ဦး ရှိနေပြီဖြစ်ပါကြောင်း၊ အဆိုပါ ရွှေ့ပြောင်းလုပ်သားများကို တပ်မတော်၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုခဲ့ကြပါကြောင်း၊ ပြန်လည်ရောက်ရှိလာသည့် ရွှေ့ပြောင်းလုပ်သားများထံမှ မည်သည့်ငွေကြေးမျှကောက်ခံခြင်းမပြုရန် ညွှန်ကြားထားပါကြောင်း၊ ရွှေ့ပြောင်းလုပ်သားများ သွားလိုသည့်နေရာများသို့ သွားရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးကုသမှုများနှင့် ဆေးစစ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရွှေ့ပြောင်းလုပ်သားများ တရားဝင်လက်ခံနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ထိုင်းနိုင်ငံတာဝန်ရှိသူများနှင့်ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မလေးရှားနိုင်ငံ၌လည်း တရားမဝင်လုပ်သားများ ဖမ်းဆီးထိန်းသိမ်းခြင်း ဆောင်ရွက်နေသည်ကို သိရှိရပါကြောင်း၊ မလေးရှားနိုင်ငံ၌ တရားဝင်လုပ်သား အပါအဝင် တရားမဝင်လုပ်သား ငါးသိန်းခန့် ရောက်ရှိနေသည်ဟု ခန့်မှန်းထားပါကြောင်း၊ မလေးရှားနိုင်ငံတွင် လုပ်သားများလုံခြုံမှုအခြေအနေ စိုးရိမ်ရသည့်အတွက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစ၍ အလုပ်သမားစေလွှတ်မှုကို ခေတ္တရပ်ဆိုင်းထားပါကြောင်း၊ မလေးရှားနိုင်ငံရှိ နိုင်ငံသားလုပ်သားများ လုံခြုံမှုအခြေအနေကို မေးမြန်းစိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မလေးရှားနိုင်ငံသို့ လုပ်သားများပြန်လည်စေလွှတ်နိုင်ရန် စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မလေးရှားနိုင်ငံတွင် တရားမဝင်လုပ်သား ၁၀၃၅ ဦး ဖမ်းဆီးရမိခဲ့ပါကြောင်း၊ အဆိုပါ ဖမ်းဆီးခံရမှုများတွင် မြန်မာရွှေ့ပြောင်းလုပ်သား ၁၀၂ ဦးပါဝင်နေသည်ကို သိရပါကြောင်း၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးအနေဖြင့် အဆိုပါ ကိစ္စကို အနီးကပ်စောင့်ကြည့်လျက်ရှိပြီး နိုင်ငံသားလုပ်သားများ အကောင်းဆုံးအခြေအနေသို့ ရောက်ရှိစေရန် မလေးရှားနိုင်ငံ တာဝန်ရှိသူများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လုပ်သားများအတွက် ကူညီစောင့်ရှောက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးတင့်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့မှ ရဲမှူးကြီး ဝင်းကြည်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဦးသိန်းဆွေ၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးတင့်နှင့် ရဲမှူးကြီး ဝင်းကြည်တို့က ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**(သတင်းစဉ်)**

## ဘူးသီးတောင်၊ မောင်တောတွင် ဆရာမများနေရာ ဆရာများနှင့် အစားထိုးမည်

**မောင်တော ဇူလိုင် ၅**

ဘူးသီးတောင်၊ မောင်တောမြို့နယ်တို့၌ တာဝန်ထမ်းဆောင်နေသော အလယ်တန်းပြ ကျောင်းဆရာမများနေရာတွင် အမျိုးသား ကျောင်းဆရာများနှင့် အစားထိုး ခန့်ထားရန် စီစဉ်နေပြီဖြစ်ကြောင်း ရခိုင်ပြည်နယ် ပညာရေးမှူး ဦးအောင်ကျော်ထွန်းက ပြောသည်။

"ဒီလို ဆရာမတွေနေရာမှာ အမျိုးသားကျောင်းဆရာတွေနဲ့ အစားထိုးခန့်ထားရတဲ့ အကြောင်းကတော့ အမျိုးသားတွေက သွားလာရခက်ခဲတဲ့ နေရာတွေမှာလည်း တာဝန်ထမ်းဆောင်နိုင်တယ်။ ပြီးတော့ အမျိုးသမီးတွေလို စိုးရိမ်စရာလည်း မလိုဘူး။ ဒီ့အတွက် ဘူးသီးတောင်၊ မောင်တောမှာ တာဝန်ထမ်းဆောင်နေတဲ့ အလယ်တန်းပြ ဆရာမတွေကို အတွင်းဘက် မြို့နယ်တွေမှာ ပြောင်းရွှေ့ပေးမှာဖြစ်ပြီး သူတို့နေရာမှာ အမျိုးသား ကျောင်းဆရာတွေနဲ့ မကြာမီ အစားထိုးသွားဖို့ စီစဉ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်"ဟု ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်ထွန်းက ကြိမ်ချောင်းကျေးရွာ၌ ဆရာ ဆရာမများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ပညာသင်နှစ်က ဘူးသီးတောင်နှင့် မောင်တောမြို့တို့တွင် တာဝန်ထမ်းဆောင်နေသော မူလတန်းပြ ဆရာမများနေရာတွင် အမျိုးသားကျောင်းဆရာ ၅၄၁ ဦးနှင့် အစားထိုးခန့်နိုင်ခဲ့ကြောင်း၊ ဆရာမများအား အတွင်းဘက်ကျသော မြို့နယ်များသို့ ပြောင်းရွှေ့ခန့်ထားပေးခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ထို့အတူ လာမည့်နှစ်တွင်လည်း အဆိုပါ မြို့နယ်နှစ်ခု၌ တာဝန်ထမ်းဆောင်နေသော အထက်တန်းပြ ဆရာမများနေရာတွင် အမျိုးသား ကျောင်းဆရာများ အစားထိုး ခန့်ထားရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး**

**ဓာတ်ပုံ -သတ္တ**



## မလေးရှားနိုင်ငံ၌ မြန်မာအလုပ်သမားရေးရာပြဿနာ ၅၆ မှုရှိခဲ့ပြီး ၅၅ မှုကို တရားဥပဒေနှင့်အညီ ဆောင်ရွက်ပြီးဖြစ်

**နေပြည်တော် ဇူလိုင် ၅**

၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်ကာ မလေးရှားနိုင်ငံ၌ မြန်မာအလုပ်သမားရေးရာပြဿနာ ၅၆ မှုရှိခဲ့ပြီး ၅၅ မှုကို တရားဥပဒေနှင့်အညီ ဆောင်ရွက်ပြီးဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားခဲ့သည်။

"၂၀၁၆ ဒီဇင်ဘာလက စ၍ မလေးရှားနိုင်ငံမှာ မြန်မာအလုပ်သမားရေးရာပြဿနာဖြစ်ပွားတာ ၅၆ မှုရှိခဲ့ပါတယ်။ အဲဒီထဲမှာ ၅၅ မှုဟာ တရားဥပဒေနဲ့အညီ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့အမှုကတော့ လုပ်ငန်းခွင် ထိခိုက်မှုကြောင့် မသန်စွမ်းဖြစ်သွားတဲ့အတွက် ပြန်လည်ထူထောင်ရေးဌာနမှာ လျော်ကြေးငွေရရှိဖို့ စောင့်နေရတဲ့ အမှုတစ်ခုပဲကျန်ပါတယ်။ မလေးရှားနိုင်ငံရဲ့ ဥပဒေနဲ့ လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းခွင်မှာ လျော်ကြေးကိစ္စ အနည်းဆုံး ခြောက်လကနေ တစ်နှစ်အထိ သူ့ရဲ့လုပ်ငန်းစဉ်အရ ကြာတတ်ပါတယ်။ အဲဒါကြောင့် ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ပါတယ်လို့ ပြောကြားလိုပါတယ်။ သတ်ဖြတ်မှုခံရတဲ့ကိစ္စမှာလည်း မလေးရှားနိုင်ငံက ဥပဒေနဲ့အညီ စုံစမ်းနေပါတယ်။ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ရရှိဖို့ ဆက်လက်ပြီး မလေးရှားနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဆိုသည်။

မလေးရှားနိုင်ငံသို့ မြန်မာအလုပ်သမားတရားဝင်စေလွှတ်သူ ၁၉၇၈၅၃ ဦးရှိပြီး စုစုပေါင်းအလုပ်သမား ငါးသိန်းခန့်ရှိကြောင်းနှင့် ကျန်သည့် အလုပ်သမားများမှာ တရားမဝင် အလုပ်သမားများဖြစ်ကြောင်းလည်း ယနေ့ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

"မလေးရှားနိုင်ငံနဲ့ ကျွန်တော်တို့နိုင်ငံ ပုံမှန်ဆက်ဆံမှုရှိပါတယ်။ မလေးရှားနိုင်ငံကို ရောက်နေတဲ့ အလုပ်သမားတွေအတွက်ကိုလည်း သတင်းရယူပြီးတော့ မလေးရှားအာဏာပိုင်တွေ၊ သံရုံးမှာရှိတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ပေါင်းစပ်ပြီး သူတို့ရဲ့လုံခြုံရေး၊ လုပ်ငန်းခွင်သာယာရေးကို ညှိနှိုင်းဆောင်ရွက်ပေးနေပါတယ်။ အလားတူပဲ အသတ်ခံရတဲ့ ကျွန်တော်တို့ နိုင်ငံသား အလုပ်သမားတွေကိစ္စကိုလည်း ဥပဒေဘောင်အတွင်းက ဆောင်ရွက်လျက်ရှိပါတယ်။ မလေးရှားနိုင်ငံ မြန်မာသံရုံးမှာရှိတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေက မလေးရှားနိုင်ငံ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ မြန်မာအလုပ်သမားတွေအတွက် ဥပဒေနဲ့အညီ အကာအကွယ်ရှိဖို့အတွက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

အလုပ်သမားများနှင့် ပတ်သက်၍ မည်သို့လုံခြုံအောင်နေရမည်ဆိုသည့် စည်းမျဉ်းစည်းကမ်းများကို မသွားခင်ကတည်းက အလုပ်သမားများကို ရှင်းလင်းပြောကြားထားကြောင်း၊ မလေးရှားနိုင်ငံရောက်ပါက သံအရာရှိများအနေဖြင့် ဆောင်ရန်၊ရှောင်ရန် အချက်များကို ရှင်းပြသည့်အပြင် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကိုလည်း ပေးထားကြောင်း၊ အကူအညီတောင်းဆိုခဲ့ပါက တတ်နိုင်သည့်ဘက်က ကူညီလျှော့ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ဆိုသည်။

**(နိုင်လင်းကြည်၊ကိုမင်း)**

## မောင်တောမြို့နယ်၌ တရားမဝင်လာရောက်နေထိုင်သူတစ်ဦး အသတ်ခံရ

**နေပြည်တော် ဇူလိုင် ၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဇော်မတက်ကျေးရွာ၌ ယနေ့နံနက်ပိုင်းတွင် လူငါးဦးခန့်က ဓားဖြင့်ဝိုင်းခုတ်သဖြင့် လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။


ဖြစ်စဉ်မှာ မောင်တောမြို့နယ် ဇော်မတက်ကျေးရွာ၌ တရားမဝင်လာရောက်နေထိုင်သူ မူစတာအာမတ်အား ယနေ့နံနက် ၄ နာရီခန့်တွင် ဇော်မတက်ရွာ၏ တောင်ဘက်လယ်ကွင်း၌ လူငါးဦးခန့်က ဓားဖြင့်ဝိုင်းခုတ်သဖြင့် လည်ပင်း၊ ကျောပြင်နှင့် ညာခြေသလုံးတို့တွင် ဒဏ်ရာများရရှိခဲ့ပြီး မောင်တောဆေးရုံသို့ ပို့ဆောင်၍ ကုသမှုခံယူစဉ် နံနက် ၈ နာရီခွဲခန့်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံးသူ မူစတာအာမတ်သည် ၂၀၀၁ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှတစ်ဆင့် ဆော်ဒီအာရေးဗီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်စဉ် အဖမ်းခံခဲ့ရပြီး ၂၀၁၃ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်ပို့ခံခဲ့ရသူဖြစ်ကြောင်း၊ ၎င်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နေထိုင်ပြီး မောင်တောမြို့နယ် သရေကုန်းတန်းကျေးရွာရှိ ဇနီးဖြစ်သူထံ တရားမဝင် လာရောက်နေထိုင်စဉ် အသတ်ခံခဲ့ရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဗုဒ္ဓဘာသာနှင့် ငြိမ်းချမ်းရေး

## ဒေါက်တာစန္ဒာဝရာဘိဝံသ



လူ့သမိုင်းကိုပြန်ကြည့်လျှင် ဘာသာတရားသည် လူသားတို့၏ မီးရှူးတန်ဆောင်ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ ဘာသာတရားသည် လူ့ယဉ်ကျေးမှုကို ဖြစ်ထွန်းစေသည်။ လူသားတို့၏ အတွေးအခေါ် အယူအဆကို ဘာသာတရားက လွှမ်းမိုးထားသည်။ ဘာသာမဲ့ဟုခေါ်ဆိုသော ပုဂ္ဂိုလ်များသည်ပင်လျှင် ၎င်းတို့၏သန္တာန်၌ အခြေခံမူဝါဒတစ်ခု ခိုင်ခိုင်မြဲမြဲရှိနေပြီဖြစ်သည်။ ၎င်းသည်ပင် ဘာသာတစ်ခုဖြစ်နေသည်။

ဘာသာအားလုံးတို့တွင် ဗုဒ္ဓဘာသာသည် တစ်မူထူးခြားသော ဘာသာဖြစ်၏။ အခြားဘာသာတို့၌မတွေ့ရသော ကမ္မဝါဒကို ဗုဒ္ဓဘာသာ၌ တွေ့ရ၏။ ကမ္မဝါဒကို “ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်သွားသောဝါဒ” ဟု အချို့က ဘာသာပြန်ကြ၏။ ပုဂ္ဂိုလ်ကို အားမကိုး၊ ကံကိုသာ အားကိုးသောဝါဒ”ဟုလည်း ဆိုကြ၏။

ဤနေရာ၌ ဘုရားရှင်ဟောခဲ့သည့် “စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ”ဟူသောစကားကို သတိပြုဖို့လို၏။ ကံ ဟူသည် စေတနာသာဖြစ်၏။ သက်ရှိသတ္တဝါမှန်သမျှ အပြု၊ အပြော၊ အတွေး သုံးမျိုး တစ်မျိုးမျိုးကို အချိန်နှင့်အမျှပြုလုပ်နေကြ၏။ ၎င်းအလုပ်သုံးမျိုးမှာ စေတနာပါ၏။ စေတနာဟူသည် စေတသိက်တရားဖြစ်၏။ မည်သည့်စိတ် မဆို စိတ်ဖြစ်တိုင်းမှာ စေတနာစေတသိက်ပါမြဲဖြစ်၏။ အသိ စိတ်ဖြစ်တိုင်း စေတနာ စေတသိက်ပါဝင်နေသလို အခြား စေတသိက်တွေဖြစ်တဲ့အချိန်မှာလည်း စေတနာ စေတသိက် ပါဝင်၏။ ထို့ကြောင့် စေတနာကိုစိတ်အားလုံး စေတသိက်အားလုံးနှင့် ယှဉ်တွဲဖြစ်ပေါ်နေသောတရားဟု မှတ်ရ၏။

စေတနာအပါအဝင်စိတ်၊ စေတသိက်၊ ရုပ်တရားအားလုံးသည် သူ့လက္ခဏာနှင့်သူရှိကြ၏။ သူ့အလုပ်နှင့်သူရှိကြ၏။

၎င်းတရားအားလုံးတွင် အထူးခြားဆုံးမှာ စေတနာဖြစ်၏။ စေတနာစေတသိက်သည် မိမိအလုပ်ကိုလည်း ပြုလုပ်နေသလို အခြားသောစိတ်စေတသိက်အားလုံးတို့၏ အလုပ်ကိုလည်း အသီးသီးပြုလုပ်နိုင်အောင် အကူအညီပေး၏။ စေတသိက်အားလုံးကို စေတနာက ဦးဆောင်ပေး၏။ စေတနာက တိုက်တွန်းပေး၏။ စေတနာက ပူးပေါင်းပါဝင်ပေး၏။

ကောင်းသောစိတ်၊ ကောင်းသောစေတသိက်တွေဖြစ်အောင်လည်း စေတနာကဦးဆောင်ပေး၏။ မကောင်းသော စိတ်မကောင်းသော စေတသိက်တွေဖြစ်အောင်လည်း စေတနာကဦးဆောင်ပေး၏။ ၎င်းစိတ်စေတသိက်များမှ တစ်ဆင့် ကာယကံ၊ ဝစီကံ၊ မနောကံတွေဖြစ်အောင်လည်း စေတနာက ဦးဆောင်ပေး၏။

လူသားတို့၏ ပြုလုပ်ဆောင်ရွက်မှုတိုင်းတွင် အခြားသော စိတ်စေတသိက်များ ပါဝင်နေသော်လည်း အရာရာတိုင်းကို စေတနာက ဦးဆောင်နေသဖြင့် ပြုလုပ်ဆောင်ရွက်မှုမှန်သမျှကို စေတနာ၏နာမည်ဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံဟု အမည်ပေးရခြင်းဖြစ်၏။

ဤနေရာ၌ ထူးခြားချက်မှာ အခြားစေတသိက်များက သဘာဝတရားတို့၏ ဖြစ်စဉ်အရပေါ်လာပြီးလျှင် အစပျောက်ချုပ်ငြိမ်းသွားကြ၏။ စေတနာက ဤသို့မဟုတ်၊ အကျိုးတစ်ခုကို ထုတ်လုပ်ပေးနိုင်သော စွမ်းရည်ရှိ၏။ စေတနာ၏ မွန်မြတ်ခြင်း၊ သန့်ရှင်းခြင်း၊ ကြမ်းတမ်းခြင်း၊ ယုတ်ညံ့ခြင်းအပေါ် မူတည်၍ အကျိုးရလဒ်တွေ ပြောင်းလဲဖြစ်ပေါ်နေကြ၏။ ၎င်းစေတနာ၏အကျိုးကို ပြုလုပ်သူ မိမိကိုယ်တိုင်လည်း ခံစားခွင့်ရသလို အခြားသူများ မိမိနှင့်စပ်ရာပုဂ္ဂိုလ်များကိုလည်း ခံစားရစေ၏။

မော်တော်ကားတစ်စီး ချောက်ကမ်းပါးထဲ ထိုးကျလျှင် မိမိတစ်ဦးတည်း ဒုက္ခရောက်ရသည်မဟုတ်။ ကားပေါ်ပါသော ပုဂ္ဂိုလ်အားလုံး ဒုက္ခရောက်ရသည်ချည်းဖြစ်၏။

ထို့ကြောင့် လူသားတိုင်းသည် အသီးအသီး မိမိသန္တာန်၌ဖြစ်ပေါ်နေသော စေတနာကို (စိတ်ရင်းစေတနာကို) ဝေဖန်ဆန်းစစ်ဖို့လိုအပ်၏။

စေတနာသည် နာမ်တရားအားလုံးကို ဦးဆောင်သည်ဟု ဆိုခဲ့ရာ မိမိသန္တာန်၌ဖြစ်သော စေတနာသည် ကောင်းကျိုးလိုလားသောမေတ္တာဓာတ်(အဒေါသ)ကို ဦးဆောင်နေသလား၊ (သို့မဟုတ်)ကောင်းကျိုးလိုလားသော မေတ္တာစိတ်ဖြင့် ကံတွေပြုနေသလား။

မကောင်းကျိုးလိုလားသော ဒေါသစိတ်ကို ဦးဆောင်နေသလား (သို့မဟုတ်) မကောင်းကျိုးလိုလားသော ဒေါသစိတ်ဖြင့် ကံတွေပြုနေသလားဆိုတာကို ဝေဖန်ဆန်းစစ်ဖို့လို၏။

နောက်တစ်မျိုးအားဖြင့် စေတနာသည် အခွင့်အရေးကို မျှဝေပေးလိုသော သာတူညီမျှစိတ် (အလောဘ)ကို ဦးဆောင်နေသလား (သို့မဟုတ်) မျှတမှုကို လိုလားသော အလောဘစိတ်ဖြင့် ကံတွေပြုနေသလား။

ကိုယ်လိုချင်တာကို ရှေ့တန်းတင်သော အတ္တစိတ်(လောဘ)ကို ဦးဆောင်နေသလား (သို့မဟုတ်) ကိုယ့်အတွက် ကိုယ်ကြည့်သောအတ္တ၊ လောဘစိတ်ဖြင့် ကံတွေပြုနေသလားဆိုတာကို ဝေဖန်ဆန်းစစ်ဖို့လို၏။ နောက်တစ်မျိုးအားဖြင့် စေတနာသည် ဖြစ်သင့်ဖြစ်ထိုက်သော အကျိုးရလဒ်ကို လိုလားသောအမော[(ပညာစိတ်)ကို ဦးဆောင်နေသလား (သို့မဟုတ်) ဖြစ်သင့်ဖြစ်ထိုက်တာဖြစ်စေရမည်ဟူသော ကောင်းကျိုးလိုလားသော ပညာဉာဏ်ဖြင့် ကံတွေပြုနေသလား။

အမှန်တရားကို ရင်မဆိုင်ရဲသော မောဟစိတ်ကို ဦးဆောင်နေသလား (သို့မဟုတ်) အမှန်တရားကို မဝေခွဲနိုင်သော တွေဝေမိုက်မဲသော မောဟစိတ်ဖြင့် ကံတွေပြုနေသလားဆိုတာကို ဝေဖန်ဆန်းစစ်ဖို့လိုပါသည်။

မိမိ၏ စိတ်စေတသိက်တရားအားလုံးကို စေတနာစေတသိက်က ဦးဆောင်နေသည်ဖြစ်ရာ လူသားတိုင်းမှာ စေတနာကိုယ်စီရှိကြသည်သာဖြစ်၏။ သို့သော် ဘယ်ပုဂ္ဂိုလ်၏ ဘယ်စေတနာသည် ဘယ်လိုစေတနာမျိုးဖြစ်သနည်းဆိုသည်ကိုတော့ လေ့လာကြည့်ဖို့လိုပါသည်။ စေတနာ၏ ထိန်းချုပ်မှုအောက်မှာ ကာယကံ၊ ဝစီကံ မနောကံတွေ ဖြစ်နေကြသည်ဖြစ်ရာ ကာယကံနှင့် ဝစီကံကို အကဲခတ်လို့ရပါသည်။ မနောကံကိုကား အကဲခတ်ရခက်ပါသည်။ မနောကံတစ်ချက်တိမ်းသွားလျှင် အကျိုးရလဒ်တွေလည်း ကသောင်းကနင်းဖြစ်သွားတတ်ပါသည်။

မှားယွင်းသော မနောကံ၏အကျိုးကို မိမိတစ်ဦးတည်းသာ ခံစားရမည် မဟုတ်ပါ။ မိမိနှင့်စပ်ရာ ပုဂ္ဂိုလ်များအားလုံး ခံစားရမည်သာဖြစ်ပါသည်။

ထို့ကြောင့် အသီးအသီးသောပုဂ္ဂိုလ်တို့၏ အသီးအသီးသော မနောကံများ ဖြောင့်မှန်နေဖို့လိုပါသည်။ မနောကံဖြောင့်မှန်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးဖို့လိုအပ်ပါသည်။ မနောကံကို ထိန်းသိမ်းရာတွင်လည်း တစ်ဦးတစ်ယောက်တည်း ထိန်းသိမ်း၍ရမည် မဟုတ်ပါ။ ကောင်းကျိုးလိုလားသူအားလုံး အညီအမျှထိန်းသိမ်းရမည်သာဖြစ်ပါသည်။ ဤသို့ ထိန်းသိမ်းရာ၌လည်း ဘယ်သူက ဘယ်သူ့ကိုဟူသော သူတစ်ပါးအကူအညီကို ယူနေရမည်မဟုတ်ပါ။ မိမိအသိဖြင့် မိမိကိုယ်တိုင်က မိမိကိုယ်တိုင်ကို ဦးဆောင်ပြီး ထိန်းသိမ်းပေးရမည်ဖြစ်ပါသည်။

ဤတာဝန်သည် တစ်ဦးတစ်ယောက်၏ တာဝန်မဟုတ်ပါ။ ကောင်းကျိုးလိုလားသော လူသားအားလုံး၏ တာဝန်သာဖြစ်ပါသည်။ သို့မဟုတ်ပါက ဗုဒ္ဓဟောကြားသော ကံနှင့်ကံ၏အကျိုးကို ယုံကြည်ရာရောက်မည်မဟုတ်ပါ။ ဗုဒ္ဓဘာသာဝင် အများစုသည် ကံနှင့်ကံ၏အကျိုးကိုတော့ လက်ခံကြပါသည်။ သို့သော် ကံကောင်းအောင်ပြုဖို့ကျတော့ မှန်ကန်စွာ ဆောင်ရွက်နိုင်မှုအားနည်းကြပါသည်။ သူတို့ပြုသမျှကံတွေကလည်း သူတစ်ပါးအတွက် ရည်ရွယ်သောကံက နည်းပါသည်။ မိမိအတွက် ရည်ရွယ်သော ကံတွေကသာ များပါသည်။ ထို့ကြောင့် မြန်မာပြည်သား ဗုဒ္ဓဘာသာဝင်အများစုသည် ကံတွေပြုနေကြပါလျက် ကံကောင်းခြင်းအကျိုးတွေ မခံစားရခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။

**အရာရာတိုင်း ကောင်းသောစေတနာက ဦးဆောင်နိုင်ဖို့ဆိုသည်မှာ ပတ်ဝန်းကျင်ကောင်းရှိဖို့လိုပါသည်။ ကာလ၊ ဒေသ၊ ပယောဂ၊ ပုဂ္ဂလကိုလိုက်၍ လူတို့၏ စိတ်သည် ပြောင်းလဲတတ်ပါသည်။ ကာလ (အချိန်)၊ ဒေသ (နေရာ)၊ ပယောဂ (လုပ်ဆောင်ချက်)၊ ပုဂ္ဂလ (ပုဂ္ဂိုလ်၏စွမ်းရည်)များကိုလိုက်၍ ကောင်းသောစေတနာမှသည် မကောင်းသောစေတနာသို့ ပြောင်းလဲသွားတတ်ပါသည်။**

တစ်ခုတော့ပြောချင်ပါသည်။ အရာရာတိုင်း ကောင်းသောစေတနာက ဦးဆောင်နိုင်ဖို့ဆိုသည်မှာ ပတ်ဝန်းကျင်ကောင်းရှိဖို့လိုပါသည်။ ကာလ၊ ဒေသ၊ ပယောဂ၊ ပုဂ္ဂလကို လိုက်၍ လူတို့၏စိတ်သည် ပြောင်းလဲတတ်ပါသည်။ ကာလ (အချိန်)၊ ဒေသ (နေရာ)၊ ပယောဂ (လုပ်ဆောင်ချက်)၊ ပုဂ္ဂလ (ပုဂ္ဂိုလ်၏စွမ်းရည်) များကိုလိုက်၍ ကောင်းသောစေတနာမှသည် မကောင်းသောစေတနာသို့ ပြောင်းလဲသွားတတ်ပါသည်။ ထိုနည်းတူပင် မကောင်းသောစေတနာမှသည် ကောင်းသော စေတနာသို့ ပြောင်းလဲသွားတတ်ပါသည်။

ထို့ကြောင့် ကာလ၊ ဒေသ၊ ပယောဂ၊ ပုဂ္ဂလတို့နှင့် လိုက်လျောညီထွေဖြစ်စေမည့် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးဖို့လိုပါမည်။ ဖန်တီးပေးရပါမည်။ ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးရမည့်လုပ်ငန်းကား ပို၍ကျယ်ပြန့်ပို၍နက်ရှိုင်းသော လုပ်ငန်းဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ ကောင်းကျိုးရလဒ် အသီးအပွင့်တွေကို တကယ်စားသုံးချင်ကြသလား။ တကယ်အမှန်စားသုံးချင်ကြတယ်ဆိုလျှင်ဖြင့် ကံမျိုးစေ့စိုက်ပျိုးဖို့ ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးဖို့ ဝန်မလေးကြလောက်ဘူးဟု ထင်မြင်မိပါသည်။

ကျန်းမာချမ်းသာကြပါစေ။

ဒေါက်တာအရှင်စန္ဒာဝရာဘိဝံသ
ဒုတိယပါမောက္ခချုပ်ကျိုက္ကလော့ဆရာတော်
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ရန်ကုန်မြို့

**(ယခုဆောင်းပါးအား ၆. ၇. ၂၀၁၇ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာတွင် အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုနိုင်ရန် ဖော်ပြထားပါသည်။)**

---

**✻ ကော့သောင်းမှ**

နေရပ်ပြန်လာသည့် မြန်မာအလုပ်သမားများအား ကော့သောင်းမြို့ ဆိပ်ကမ်းတံတားမှ ကော့သောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှူး၊ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ မီးသတ်နှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့ခံ ကမ်းနီးအဖြူရောင် ပရဟိတအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက နွေးထွေးစွာကြိုဆိုကြပြီး ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များက အအေးနှင့်ရေသန့်ဘူးများ လျှုဒါန်းကျွေးမွေးကာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက လိုအပ်သည့်ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

အလားတူ ကရင်ပြည်နယ် ဘုရားသုံးဆူနယ်စပ်သွပ်ပြားပေါက်တွင်လည်း ဇူလိုင် ၅ ရက်တွင် ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၅၄ ဦး၊ အမျိုးသမီး ၁၃၄ ဦး၊ စုစုပေါင်း ၂၂၈ ဦးရှိပြီး ဇွန်၂၉ ရက်မှ ဇူလိုင် ၅ ရက်အထိ ၃၃၄၉ ဦး ပြန်လည်ဝင်ရောက်လာခဲ့ပြီဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူ မြန်မာအလုပ်သမားများမှာ ရခိုင်ပြည်နယ်၊ ပဲခူး၊ သာယာဝတီ၊ မန္တလေး၊ ရန်ကုန်၊ တနင်္သာရီတို့တွင် နေထိုင်ကြသူများဖြစ်ပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် အမှတ်(၂) စစ်ဗျူဟာမှူး၊ အနန်းကွင်းယာယီစစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး နေယု၊ ခလရ(၉၇) ယာယီတပ်ရင်းမှူး ဗိုလ်မှူးသိန်းဇော်လင်း၊ ကြာအင်းဆိပ်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၊ ဘုရားသုံးဆူမြို့အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်၊ လဝကဦးစီးမှူး ဦးသက်ခိုင်၊ လူကုန်ကူးတားဆီးအဖွဲ့များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များက ထမင်းထုပ် ၅၀၀၊ ရေသန့်ဘူး ၅၀၀ တို့အား ဝေငှပေးခဲ့ပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ အမှတ်(၂)စစ်ဗျူဟာ၊ ဆေးတပ်မှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါအလုပ်သမားများက လမ်းစရိတ်မရှိသူ ၂၂ ဦးအတွက် ဒီကေဘီအေမှ စီးပွားရေးတာဝန်ခံသိန်းနိုင်က တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀စီ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်အလုပ်သမားများကို အရှေ့ တောင်တိုင်းစစ်ဌာနချုပ်မှ မော်တော်ယာဉ်များဖြင့် လည်းကောင်း၊ မိမိတို့အစီအစဉ်ဖြင့်လည်းကောင်း၊ ခရီးသည်တင်ယာဉ်များဖြင့် လည်းကောင်း အသီးသီးပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)၊ စိုးထက်အောင်(ပြန်/ဆက်)**

---

# အရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကု ကျောင်းသား ကျောင်းသူများ ကွင်းဆင်းကုသ

**မြင်းခြံ ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျေးရွာများတွင် အရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကု စေတနာ့ဝန်ထမ်း စီမံကိန်း(၂၀၁၇)အစီအစဉ်အရ နိုင်ငံ ၁၂ နိုင်ငံမှ ကျောင်းသား ကျောင်းသူများသည် ကျေးရွာများရှိ ဆိတ်များ၊ နွားများ၊ ခွေးများအား ဆေးဝါးကုသပေးခြင်းအပြင် ပတ်ဝန်းကျင် စိမ်းလန်းရေးအတွက် သစ်ပင်များ စိုက်ပျိုးပေးခြင်း၊ ယဉ်ကျေးမှုဖလှယ်သည့်အနေဖြင့် အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများနှင့်အတူ ဂိမ်းကစားခြင်း၊ ကပြခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း) မှ ဒေါက်တာရဲထွဋ်အောင် (ဒုတိယပါမောက္ခချုပ်/သင်ကြား) နှင့် ထိုင်းနိုင်ငံ Kasetsart University မှ Dr. Tanu Pinyopummintr, D.V.M., PhD (Associate Dean) (International Affairs) တို့ ဦးဆောင်ပြီး လယ်သစ်ကျေးရွာ၊ သစ်ရုံကျေးရွာ၊ ဇီးပင်ကန်ကျေးရွာ၊ ထိန်ပန်းကျေးရွာ၊ လေးတန်းတပ်ရွာ ကျေးရွာများတွင် ဆိတ်များ၊ နွားများ၊ ခွေးများအား ရောဂါကာကွယ်ဆေးများထိုးနှံပေးခြင်းအပြင် ပူပြင်းသော ဒေသများဖြစ်သည့်အတွက် ပတ်ဝန်းကျင်စိမ်းလန်းစေရေးအတွက်သစ်ပင်များကို ရွာများရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာပြည်သူများနှင့်အတူ စိုက်ပျိုးပေးခဲ့ကြသည်။

ထို့အပြင် ယဉ်ကျေးမှုဖလှယ်ခြင်းအနေဖြင့် ကျေးရွာများရှိ အခြေခံပညာကျောင်းများတွင် သွားရောက်ပြီး ကျောင်းသား ကျောင်းသူများနှင့်အတူ ဂိမ်းကစားခြင်း၊ တစ်လှည့်စီကပြခြင်းများ ပြုလုပ်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများကို ခဲတံ၊ စာအုပ်၊ ကွန်ပါဘူးစသည့် လက်ဆောင်များ ပေးအပ်ခဲ့ကြသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီက ထိတွေ့မှုနှင့်တိုင်ကြားမှုများကို စုံစမ်းစိစစ်အတည်ပြုနိုင်ရန် ရှမ်းပြည်နယ် မိုင်းပြင်သို့ စိစစ်အတည်ပြုရေးအဖွဲ့များ စေလွှတ်မည်

ရန်ကုန် ဇူလိုင် ၅

**ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) ၏ (၁၁)ကြိမ်မြောက် အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရန်ကုန်ရုံးတွင် ဆက်လက်ကျင်းပခဲ့သည်။**



ဇူလိုင် ၃ ရက်မှ ၅ ရက်အထိ သုံးရက်ကြာပြုလုပ်သည့်အစည်းအဝေးတွင် တိုင်ကြားမှုများနှင့် ဖြစ်ပွားရသည့် အကြောင်းအရင်းကို သိရှိနိုင်ရန်အတွက် စိစစ်အတည်ပြုရေးအဖွဲ့ဖွဲ့စည်းခြင်း (Verification Team) နှင့်စေလွှတ်ရန်ကိစ္စများ၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC ၏ လုပ်ထုံးလုပ်နည်း (SOP) နှင့် ပတ်သက်သည့်ကိစ္စများ အတည်ပြုခြင်း၊ JMC နှင့်ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ရာတွင် ဆောင်ရွက်ကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်၊ ပစ်ခတ်တိုက်ခိုက်မှုကို ထိန်းသိမ်းနိုင်မည့် အလုပ်ရုံဆွေးနွေးပွဲများကို သက်ဆိုင်ရာအလိုက်ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) အဖွဲ့များက ဆောင်ရွက်ရန်တို့ကို ဆွေးနွေးနိုင်သည်။

ထို့ပြင် ဒေသအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-L) ဆက်လက်ဖွဲ့စည်းရန်၊ နည်းပညာအထောက်အကူပြု JMC-TSC ၏ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးအသစ်ရွေးချယ်ခြင်း၊ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ၊ ပဋိပက္ခဒဏ်ခံစားရသူများ၊ ပြည်တွင်းသို့ပြန်လည်ဝင်ရောက်လာသည့် ဒုက္ခသည်များနှင့်ပတ်သက်၍ JMC က လုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများ (မူကြမ်း) အဖြစ် ပြုစုခြင်းတို့ကိုလည်း ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

ယနေ့ဆွေးနွေးပွဲအပြီး ညနေ ၆ နာရီတွင် JMC-U အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါးရ်နှင့် JMC နည်းပညာအထောက်အကူပြု (JMC-TSC) ဒုတိယအလုပ်အမှုဆောင်ညွှန်ကြားရေးမှူးဒေါ်ဆိုင်းပန်တို့က ပြည်တွင်းပြည်ပ သတင်းမီဒီယာများအား JMC-U သုံးရက်တာ အစည်းအဝေးနှင့်ပတ်သက်၍ ရှင်းပြခဲ့ပြီး သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

စိစစ်အတည်ပြုရေးအဖွဲ့ဖွဲ့စည်းခြင်း (Verification Team)နှင့် စေလွှတ်ရန်ကိစ္စများအတွက် ဒေါက်တာရွှေခါးရ် က "စိစစ်အတည်ပြုရေးအဖွဲ့တွေကို စက်တင်ဘာမတိုင်မီမှာ လုပ်ဆောင်မှာပါ။ ရှမ်းပြည်မှာဆို ဖြစ်စဉ်နှစ်ခုအတွက် Verification Team လွှတ်ဖို့ သဘောတူထားတယ်။ ပထမဖြစ်စဉ်က မိုင်းပြင်မြို့နယ်မှာ ပြည်သူ့စစ်အဖွဲ့ခေါင်းဆောင်ဦးမြင့်အောင် အသတ်ခံရတာနဲ့ ပတ်သက်ပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး စိစစ်အတည်ပြုရေးအဖွဲ့က သွားရောက်စစ်ဆေးအတည်ပြုမှု လုပ်ရမယ်။ နောက်တစ်ခုက မိုင်းပြင်မှာပဲ ဇွန်လ ၁၇ ရက်နေ့က RCSS နဲ့ တပ်မတော်ကြား ထိတွေ့မှု နှစ်ကြိမ်ဖြစ်တယ်။ အဲဒီဖြစ်စဉ်အတွက်လည်း Verification Team သွားမယ်။ စက်တင်ဘာလလောက်သွားမယ်။ ဒါကို ရှမ်းပြည်နယ် JMC-S က လုပ်ရမှာပါ" ဟု ပြောသည်။

ဒေသအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-L ) ကို ရှမ်းပြည်နယ် လင်းခေးတွင် ဖွဲ့စည်းခဲ့ပြီးနောက်လာမည့်ဩဂုတ်လမတိုင်မီ ကရင်ပြည်နယ် ဖာပွန်နှင့်ဘောကလိတို့တွင် JMC-L ကို ဆက်လက်ဖွဲ့စည်းနိုင်ရန်သတ်မှတ်ထားပြီးဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC ၏ လုပ်ထုံးလုပ်နည်း (SOP) နှင့် ပတ်သက်သည့်ကိစ္စများအတည်ပြုခြင်းနှင့်ပတ်သက်၍ ဒေါက်တာရွှေခါးရ်က "ပထမက လုပ်ထုံးလုပ်နည်း (SOP) နဲ့ပတ်သက်ပြီး နှစ်ခုရေးဆွဲထားတာ အတည်ပြုနိုင်ပါတယ်။ JMC Support Platform လို့ခေါ်တဲ့ JMC ကို နိုင်ငံတကာနဲ့ ပြည်တွင်းက အကူအညီတွေ ဘယ်လိုနည်းနဲ့ ကူညီမလဲ။ ဘယ်လိုနည်းနဲ့ဆက်ဆံကြမလဲဆိုတဲ့ လုပ်ထုံးလုပ်နည်းကို အတည်ပြုနိုင်ပါတယ်။ နောက်တစ်ခုက JMC နဲ့ပူးပေါင်းပါဝင်ဆောင်ရွက်ရမယ့် အဖွဲ့အစည်းတွေနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်မှုတွေ လုပ်မလဲ၊ ဆက်သွယ်ရာမှာ ဆောင်ရွက်ကျင့်သုံးရမယ့် လုပ်ငန်းလမ်းညွှန်ကို အတည်ပြုနိုင်ပါတယ်" ဟု ပြောသည်။

ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ၊ ပဋိပက္ခဒဏ်ခံစားရသူများ၊ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် ဒုက္ခသည်များနှင့်ပတ်သက်၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) က လုပ်ဆောင်ရမည့်လုပ်ထုံးလုပ်နည်းများ (မူကြမ်း)နှင့်ပတ်သက်၍ ဒုတိယအလုပ်အမှုဆောင်ညွှန်ကြားရေးမှူး ဒေါ်ဆိုင်းပန်က "IDPs အတွက် ဒီတစ်ခေါက် လုပ်ထုံးလုပ်နည်း SOP မှာ ဆွေးနွေးပြီး မူကြမ်းအဖြစ်တင်ပြခဲ့တာ ရှိပါတယ်။ ဒါကြောင့် JMC မှာရှိတဲ့ သုံးဖက်လုံးက ဆွေးနွေးတာက လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးမှာဆောင်ရွက်နေတဲ့ လုပ်ငန်းဆောင်ရွက်မှုတွေ လေ့လာမယ်။ ပြီးတော့မှ JMC က မူဝါဒချထားတဲ့ (Joint-Coordination) ပူးတွဲဆောင်ရွက်မယ့်အဖွဲ့တွေက ဘာလုပ်မလဲ နောက်ထပ်အစည်းအဝေးတွေမှာ ဆွေးနွေးမယ်ဆိုတာဖြစ်ပါတယ်"ဟု ပြောသည်။

ဩဂုတ် ၁ ရက်က စတင်၍ JMC နည်းပညာအထောက်အကူပြု အလုပ်အမှုဆောင် ညွှန်ကြားရေးမှူးအသစ်အဖြစ် ဦးအောင်နိုင်ဦးက တာဝန်ယူမည်ဖြစ်ပြီး ယခင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူထားသူ ဒေါက်တာမင်းဇော်ဦးသည် တာဝန်မှအနားယူမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ကုလသမဂ္ဂအဖွဲ့၏ Technical Needs Assessment (TNA) အဖွဲ့သည် JMC ကိစ္စရပ်များအား မြန်မာနိုင်ငံတွင် လာရောက်လေ့လာသုံးသပ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး တောင်ငူ၊ မွန်ပြည်နယ် မော်လမြိုင်နှင့် ကရင်ပြည်နယ် ဘားအံမြို့တို့သို့ သွားရောက်၍ JMC-S ကော်မတီဝင်များ၊ အခြားအဖွဲ့အစည်းများနှင့် တွေ့ဆုံခဲ့သည်။

အဆိုပါအဖွဲ့သွားရောက်ရာတွင် တွေ့ရှိရသည့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အသေးစိတ်အချက်အလက်များကို စက်တင်ဘာလတွင် ပြုလုပ်မည့် (၁၂)ကြိမ်မြောက် JMC-U အစည်းအဝေးတွင် ထုတ်ပြန်ချက်ထုတ်ပြန်မည်ဖြစ်ကြောင်းသိရသည်။

**သတင်း . . ရဲခေါင်ညွှန့်**
**ဓာတ်ပုံ . . ဖိုးထောင်**

❐

---

**❂ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ**
ပြုလုပ်ပေးလျက်ရှိသည်။

မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးတွင် ကျောက်ကပ်အစားထိုးကုသခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင်စတင်ဆောင်ရွက်နိုင်ခဲ့ပြီး တစ်လလျှင် နှစ်တွဲနှုန်းဖြင့် ဆောင်ရွက်လျက်ရှိရာ ယခု၂၀၁၇ ခုနှစ် မေလကုန်အထိ လူနာနှင့်အလှူရှင် ၃၃ တွဲကို အောင်မြင်စွာအစားထိုးကုသနိုင်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

## ကြေးမုံ သတင်းတိုများ



**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော အကြိမ် (၅၅၀) မြောက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ခြင်းအတွက် ရွှေတိဂုံစေတီတော်(၇)ရက်သားသမီးအသင်းနှင့် ၁၉၇၉ ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရမိသားစုတို့မှ အလှူငွေကျပ် သိန်း ၆၀နှင့် ရွှေစင်ရွှေပြား သုံးကျပ်သားတို့ကို ပေးအပ်လှူဒါန်းစဉ်။** (အေးမင်းသူ)

### သန်းခေါင်စာရင်းဆိုင်ရာအသိပညာပေး အလုပ်ရုံဆွေးနွေး

**ရွှေကျင် ဇူလိုင် ၅**

ရွှေကျင်မြို့နယ်တွင် မြို့နယ်အဆင့်သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၆ ရက်က ကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မော်လီဝင်း၊ နေပြည်တော်ဦးစီးရုံးချုပ်မှ ဦးစီးအရာရှိ ဒေါ်တင်တင်လှနှင့် လဝကမှူး ဒေါ်မိုးမိုးခိုင်တို့က သန်းခေါင်စာရင်းနောက်ခံအကြောင်းအရာများနှင့် သန်းခေါင်စာရင်းဆိုင်ရာအချက်များ၊ လူဦးရေဆိုင်ရာအချက်များ၊ မသန်စွမ်း အကြောင်းအရာများနှင့် မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြောင်းအရာများစသည့် သန်းခေါင်စာရင်းနှင့်ပတ်သက်သည့် အချက်အလက်များကို ဆွေးနွေး ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

### လက်ခုပ်ကုန်းကျေးရွာ ဂဝံလမ်းဖွင့်

**ရန်ကုန် ဇူလိုင် ၅**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်သည့် လူထုဗဟိုပြုစီမံကိန်းရန်ပုံငွေဖြင့် ပြုလုပ်သော ရွာတွင်းဂဝံလမ်းဖွင့်ပွဲကို ဇူလိုင် ၂ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျေးလက်ဦးစီးမှူးတို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး လူထုဗဟိုပြုစီမံကိန်းသည် ကွမ်းခြံကုန်းမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ခုနှစ်ထိ လေးနှစ်ဆက်တိုက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကွမ်းခြံကုန်း(CDD)**

### သန်းခေါင်စာရင်းဆိုင်ရာအသိပညာပေး အလုပ်ရုံဆွေးနွေး

**ကျောက်ဆည် ဇူလိုင် ၅**

ကျောက်ဆည်မြို့ မြို့နယ်အဆင့်သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များအသိပညာပေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို မြင်စိုင်ခန်းမ၌ ဇူလိုင် ၃ ရက်က ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးဉက္ကဌ ဦးသိန်းဇော်ဦးက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်နှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသီဂီဝင်း(နေပြည်တော်)တို့က သန်းခေါင်စာရင်းနှင့်ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ကိုယ်စားလှယ်များနှင့် နှစ်ရက်ကြာဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သက်မောင်)**

### သစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်းသင်တန်းဖွင့်

**အုတ်တွင်း ဇူလိုင် ၅**

အုတ်တွင်းမြို့နယ်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း ၂၀၁၇-၂၀၁၈ မှ ၂၀၂၆-၂၀၂၇ အထိ လုပ်ငန်းစဉ်တစ်ခုအဖြစ်ပါဝင်သည့် သစ်တောစိုက်ခင်း တည်ထောင်ခြင်းနှင့် ပျိုးဥယျာဉ်သင်တန်းအမှတ်စဉ်(၁)ကို ဇူလိုင် ၃ ရက်က လက်ပံခုံသစ်တောသုတေသနစခန်း အမှတ်(၇)၌ ဖွင့်လှစ်ရာ သင်တန်းသား ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဇူလိုင် ၃ ရက်မှ ၇ ရက်အထိ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

❁ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ

ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ဒက္ခိဏာရာမဘုရားကြီးတိုက် အတုလကာရီ ဆင်မင်းကျောင်း ပဓာနနာယကဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေတာရှည်ဆရာတော် ဘဒ္ဒန္တသြဘာသထံလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကုန်းသာဆရာတော် ဘဒ္ဒန္တဝိလာသထံ လည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ဇနီး ဒေါ်နန့်ကြင်ကြည်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေဦးဆရာတော် ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသထံလည်းကောင်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ လှိုင်လင်ဆရာတော် ဒေါက်တာဘဒ္ဒန္တပညာနန္ဒထံ လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကန်သုံးဆင့်ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသထံလည်းကောင်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရည်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး ဒေါ်သိန်းယဉ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့က ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အတုလကာရီဆင်မင်းကျောင်း ပဓာနနာယကဆရာတော်ထံမှ နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ ကုန်းသာဆရာတော်ဘဒ္ဒန္တဝိလာသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး လှိုင်လင်ဆရာတော် ဒေါက်တာဘဒ္ဒန္တပညာနန္ဒထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ကန်သုံးဆင့်ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရည်တို့ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အတုလကာရီ ဆင်မင်းကျောင်း ပဓာနနာယကဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ ရေတာရှည်ဆရာတော် ဘဒ္ဒန္တသြဘာသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။



အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ဇနီး ဒေါ်နန့်ကြင်ကြည်က ရေဦးဆရာတော် ဘဒ္ဒန္တ ဥတ္တမညာဏ ဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

## ❒ နှစ်(၇၀)ပြည့်မှ

ဒီမိုကရေစီမွေးဖွားတဲ့နေရာလို့တောင် ပြောလို့ရတယ်။ လွှတ်တော်ရဲ့ ကနဦးနေရာလည်း ဖြစ်ပါတယ်။ နောက်ပြီးတော့ ဗိုလ်ချုပ်တို့ လုပ်ကြံခံရတဲ့အခန်း။ အရင်ဘယ်တုန်းကမှ အများပြည်သူကို ဖွင့်မပြခဲ့ဘူး။ ဒီနှစ်က ပထမဆုံးဖွင့်ပြမယ့် နှစ်ဖြစ်တယ်။ အထဲမှာလည်း ဗိုလ်ချုပ်တို့ လုပ်ကြံခံရတုန်းက ရှိခဲ့တဲ့ ပရိဘောဂအဟောင်းတွေ၊ လုပ်ကြံခံရတုန်းက ကျန်ခဲ့တဲ့ စားပွဲတွေ၊ ခုံတွေ အကုန်လုံးကို အမျိုးသားပြတိုက်ကနေ အဲဒီနေ့တစ်ရက်အတွက် ငှားပြီး အများပြည်သူကြည့်ရှုခွင့်ရမယ်” ဟု မမေသန္တာဝင်းက ယခုနှစ် အာဇာနည်နေ့အတွက် အတွင်းဝန်ရုံးအတွင်း ပြင်ဆင်ဆောင်ရွက်ထားမှုများကို ရှင်းပြသည်။

နှစ် (၇၀)ပြည့်အထိမ်းအမှတ် အာဇာနည်နေ့အခမ်းအနား၌ နံနက် ၈ နာရီတွင် အတွင်းဝန်ရုံးအတွင်းရှိ အာဇာနည်အထိမ်းအမှတ်ကျောက်တိုင်နှင့် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့စဉ် အလံတင်အခမ်းအနားပြုလုပ်ခဲ့သည့် အလံတိုင်တွင် နိုင်ငံတော်အလံလွှင့်တင်ခြင်းကို ဆောင်ရွက်မည်ဖြစ်ပြီး ပြည်သူများကို နံနက် ၈ နာရီခွဲမှစတင်ကာ ဝင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်တွင် တိုင်းပြုပြည်ပြုလွှတ်တော်ရုံး (ပါလီမန်အဆောက်အအုံ)ကို ဖွင့်လှစ်ပြသမည်ဖြစ်ပြီး အဆိုပါလွှတ်တော်နေရာတွင် ၁၉၃၆ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ မြန်မာနိုင်ငံ၏လွှတ်တော်ကို ကျင်းပခဲ့သည်။ မြန်မာနိုင်ငံ၏ အစောပိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေများကိုလည်း ထိုလွှတ်တော်ရုံးတွင် မူကြမ်းရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအပြင် အတွင်းဝန်ရုံး အနောက်ဘက်အဆောင်ရှိ ကက်ဘိနက်ဝန်ကြီးများ အစည်းအဝေးခန်းမကို အများပြည်သူကို လေ့လာခွင့်ပြုမည်ဖြစ်ပြီး ယင်းအစည်းအဝေးခန်းမကို ၁၉၀၅ ခုနှစ်ကတည်းက အုပ်ချုပ်ရေး၊ စီမံရေးရာများအတွက် အသုံးပြုခဲ့သည်။ ယင်းအခန်းမှာ ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးထိုင်ရာ အခန်းလည်းဖြစ်သည်။ ယခုနှစ်တွင် အမျိုးသားပြတိုက်၌ ထိန်းသိမ်းထားခဲ့သော လုပ်ကြံခံရစဉ်က ရှိခဲ့သည့် မူရင်းပရိဘောဂများကို ခေတ္တငှားရမ်းကာ ထားရှိပြသသွားမည်ဖြစ်သည်။

အာဇာနည်နေ့အခမ်းအနားနှင့်အတူ ပန်းချီပြပွဲကိုလည်း ကျင်းပသွားမည်ဖြစ်ပြီး အသက် (၁၀)နှစ်မှ (၁၄) နှစ်ကြား ကျောင်းသားများ၏ ပန်းချီအနုပညာလက်ရာများကို မေလလယ်မှစတင်၍ ပေးပို့ရန် ဖိတ်ခေါ်ခဲ့ပြီး လက်ရှိပန်းချီကားပေါင်း ၂၇၀ ကျော် လက်ခံရရှိခဲ့ပြီဖြစ်ကာ ယင်းနေ့တွင် အတွင်းဝန်ရုံးအတွင်း၌ ပန်းချီကား ၄၀ ခန့်ကို ပြသထားရှိမည်ဟု သိရသည်။ အလားတူ ပန်းချီပြပွဲ ဆုချီးမြှင့်ပွဲကိုလည်း မွန်းလွဲ ၂ နာရီတွင် အတွင်းဝန်ရုံးအတွင်း၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ အာဇာနည်နေ့အထိမ်းအမှတ် အမျှအတမ်းပေးလှူခြင်းကို ဇူလိုင် ၁၈ ရက် ညနေ ၆ နာရီတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်တွင် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် အတွင်းဝန်ရုံးအဆောက်အအုံကို ထိန်းသိမ်းရန် ကြိုးပမ်းမှုများနှင့် အာဇာနည်နေ့တွင် ပြုလုပ်မည့် အစီအစဉ်အခမ်းအနားများကို တစ်ပြေးညီ သိရှိလိုသော ပြည်သူများအတွက် ရည်ရွယ်၍ ဖေ့စ်ဘွတ်စာမျက်နှာတစ်ခု ပြုလုပ်ထားကြောင်း သိရသည်။ တစ်နေ့တာအတွင်း အတွင်းဝန်ရုံးတွင် ပြုလုပ်သော အစီအစဉ်များကို Live ဗီဒီယိုအဖြစ် ဖေ့စ်ဘွတ်စာမျက်နှာမှတစ်ဆင့် တိုက်ရိုက်လွှင့်တင်သွားမည်ဖြစ်သဖြင့် www.facebook.com/thesecretariatyangon/ တွင် ဖတ်ရှုကြည့်ရှုနိုင်ကြောင်း ယနေ့အတွင်းဝန်ရုံးတွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။ **(ဆုနှင်းလှဲ့)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

ပြည်သူ့လွှတ်တော်၊ အစိုးရအာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ဝန်ကြီးဌာန ရှစ်ခု၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ နှစ်ခုတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂၁/၂၀၁၇)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-3)၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ကော်မတီအတွင်းရေးမှူး ဦးဇုံးတိန့်နှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာန ရှစ်ခုနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ နှစ်ခုတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာအစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးဇုံးတိန့်က ဇူလိုင် ၃ ရက်တွင် ကျင်းပခဲ့သော လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂၀/၂၀၁၇)တွင် ကျန်ရှိနေသည့် ဆွေးနွေးချက်များကို ယနေ့အစည်းအဝေးတွင် ဝန်ကြီးဌာနတစ်ခုချင်းစီအလိုက် ရှင်းလင်းတင်ပြဆွေးနွေးကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးဌာန ရှစ်ခုတို့မှ ကျင်းပပြီးစီးခဲ့သည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးများအတွင်း ကတိဖြစ်ခဲ့သော မေးခွန်းများ၊ အတည်ပြုခဲ့သောအဆိုများနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဝန်ကြီးဌာနတစ်ခုချင်းစီအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ နှစ်ခုတို့က ဆက်လက်ရှင်းလင်းတင်ပြခဲ့ပြီး ကော်မတီအဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ဦးဇုံးတိန့်က ဆွေးနွေးမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ❖ မြန်မာ ယူ-၂၂ မှ

ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုထိပ်ဆုံးနေရာနှင့် အကောင်းဆုံး ဒုတိယနေရာရအသင်းတွင် ပါဝင်ခဲ့ပါက အကောင်းဆုံးဒုတိယနေရာရ ခြောက်သင်းအထိ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ အာရှ ယူ-၂၃ ခြေစစ်ပွဲကို ဇူလိုင် ၁၉၊ ၂၁၊ ၂၃ ရက်တို့တွင် တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၁၉ ရက်တွင် စင်ကာပူအသင်း၊ ဇူလိုင် ၂၁ ရက်တွင် ဘရူနိုင်းအသင်း၊ ဇူလိုင် ၂၃ ရက်တွင် ဩစတြေးလျအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် အာရှ ယူ-၂၃ ခြေစစ်ပွဲကို သုံးကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ၂၀၁၄ ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ခဲ့သော်လည်း ၂၀၁၆ ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိပေ။ မြန်မာအသင်းသည် ၂၀၁၄ ပြိုင်ပွဲ ခြေစစ်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး တောင်ကိုရီးယားအသင်းနှင့်အတူ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ယင်းခြေစစ်ပွဲယှဉ်ပြိုင်ရန် ဇူလိုင် ၅ ရက်တွင် လေ့ကျင့်မှုစတင်ပြုလုပ်လျက်ရှိပြီး လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ၂၃ ဦးကို အခြေခံထားကာ ကစားသမားသစ်များ အားဖြည့်ရွေးချယ်သွားမည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဂတ်ဖရိုင်းဒရစ်က ကိုင်တွယ်လျက်ရှိပြီး ဆီးဂိမ်းပြိုင်ပွဲအကြိုကျင်းပခဲ့သည့် KBZ Bank Cup လေးနိုင်ငံ ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဒုတိယနေရာသာရခဲ့သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယင်းပြိုင်ပွဲတွင် ကမ္ဘောဒီးယားကို လေးဂိုး-တစ်ဂိုး၊ ဟောင်ကောင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း နောက်ဆုံးပွဲတွင် ဂျပန်တက္ကသိုလ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ကာ ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ၂၀၁၇ ခုနှစ်၊ ရေခွန်နှင့်တာတမံခွန်ဥပဒေပြဋ္ဌာန်း

## ၂၀၁၇ ခုနှစ်၊ ရေခွန်နှင့်တာတမံခွန်ဥပဒေ
## (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉ ။)
## ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်
## (၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

**ပြည်ထောင်စုလွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို ၂၀၁၇ ခုနှစ်၊ ရေခွန်နှင့်တာတမံခွန်ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **လယ်ယာမြေ** ဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ ဓနိမြေဥယျာဉ်မြေဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်ပန်းမန်စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းမြေဟုသော်လည်းကောင်း သတ်မှတ်သည့်မြေများကိုဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့်ပရဝဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသောမြေများမပါဝင်။

(ခ) **အခွန်** ဆိုသည်မှာ ဤဥပဒေအရ ပေးဆောင်ရမည့်ရေခွန်၊ တာတမံခွန်နှင့် အခြားနည်းဖြင့် အသုံးပြုသည့် ရေခွန်ရေခများကို ဆိုသည်။

(ဂ) **အခွန်ထမ်း** ဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရမည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဃ) **စည်းကြပ်** ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့်အခွန်ကို ကောက်ခံနိုင်ရန် စိစစ်ပြုစုဆောင်ရွက်ခြင်းကို ဆိုသည်။

(င) **ရေခွန်** ဆိုသည်မှာ ဤဥပဒေအရ ရေသုံးစွဲမှုအလိုက် သတ်မှတ်စည်းကြပ်ကောက်ခံသည့်အခွန်ကို ဆိုသည်။

(စ) **တာတမံခွန်** ဆိုသည်မှာ ဤဥပဒေအရ ရေဘေးကာကွယ်သည့် ဧရိယာတွင် သတ်မှတ်စည်းကြပ်ကောက်ခံသည့်အခွန်ကို ဆိုသည်။

(ဆ) **ဆည်ရေသောက်ဧရိယာ** ဆိုသည်မှာ နိုင်ငံတော်က တည်ဆောက်ထားသော ဆည်၊ ကန်၊ တူးမြောင်း၊ ရေတံခါး၊ ရေနုတ်မြောင်းတို့မှရေကို တစ်နည်းနည်းဖြင့် ရယူအသုံးပြုနိုင်သော မြေဧရိယာကို ဆိုသည်။

(ဇ) **ရေဘေးကာကွယ်သည့်ဧရိယာ** ဆိုသည်မှာ နိုင်ငံတော်က တည်ဆောက်ထိန်းသိမ်းထားသော တာတမံ၊ ရေနုတ်မြောင်း၊ ရေတံခါးများဖြင့် ရေဘေးကာကွယ်ထားသော ဧရိယာကိုဆိုသည်။

(ဈ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဦးစီးဌာန** ဆိုသည်မှာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနကိုဆိုသည်။

### အခန်း (၂)
### ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က တည်ဆောက်ပေးထားသော ဆည်မြောင်းတာတမံများကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်၊

(ခ) ဆည်မြောင်းတာတမံများ၏ အကျိုးကျေးဇူးကို ပြည်သူများက တန်ဖိုးထားကြစေရန်၊

(ဂ) ပြည်ထောင်စုတစ်ဝန်းလုံးတွင် ရေမြေဒေသအလိုက် ရေသုံးစွဲမှုအခြေအနေအရပ်ရပ်တို့နှင့်ညီညွတ်မျှတသည့် အခွန်နှုန်းထားများ သတ်မှတ်ကောက်ခံ ဆောင်ရွက်နိုင်စေရန်။

### အခန်း (၃)
### ရေခွန်နှင့်တာတမံခွန်နှုန်းများသတ်မှတ်ခြင်း

၄။ ဆည်ရေသောက်ဧရိယာ သို့မဟုတ် ရေဘေးကာကွယ်သည့် ဧရိယာအတွင်းရှိ လယ်ယာမြေများကို အခွန်စည်းကြပ်ကောက်ခံမည့်အဖွဲ့က ဘဏ္ဍာရေးနှစ်အလိုက် အောက်ပါအခွန်နှုန်းထားများနှင့်အညီ ကောက်ခံရမည်-

(က) သီးနှံတစ်ရာသီအတွက် ဆည်ရေသောက်ဧရိယာများတွင် -

(၁) စပါးသီးနှံအတွက် မြေပြုပြင်သည်မှ အောင်ရေအထိ ရေအပြည့်အဝရယူပါက တစ်ဧကလျှင် နှစ်ထောင်ကျပ်နှုန်း၊

(၂) စပါးသီးနှံအတွက် မြေပြုပြင်သည်မှ အောင်ရေအထိ တစ်စိတ်တစ်ပိုင်းသာရယူပါက တစ်ဧကလျှင် တစ်ထောင်ကျပ်နှုန်း၊

(၃) အခြားသီးနှံစိုက်ပျိုးပါက တစ်ဧကလျှင် တစ်ထောင်ကျပ်နှုန်း။

(ခ) ရေဘေးကာကွယ်သည့်ဧရိယာတွင် ဘဏ္ဍာနှစ်တစ်နှစ်အတွက် တစ်ဧကလျှင် ငါးရာကျပ်နှုန်း၊

(ဂ) လယ်ယာမြေသည် ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)နှစ်ရပ်လုံးနှင့် အကျုံးဝင်ပါက ပုဒ်မခွဲ(က)တွင် သတ်မှတ်ထားသည့်နှုန်း။

၅။ ဝန်ကြီးဌာနက ခွင့်ပြုထားသည့် ဆည်ရေသောက်ဧရိယာအတွင်း သို့မဟုတ် ပြင်ပရှိ အထွေထွေလုပ်ငန်းသုံးဆည်ရေသုံးစွဲမှုအတွက် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဦးစီးဌာနသည် ရေခွန်ရေခနှုန်းများကို အောက်ပါအခွန်နှုန်းထားများနှင့်အညီ ကောက်ခံရမည်-

(က) အိမ်သုံးရေ၊ ဝန်ထမ်းအဖွဲ့အစည်းသုံးရေ၊ စည်ပင်သာယာရေးကော်မတီနှင့်အဖွဲ့များသို့ ခွဲဝေပေးသည့်ရေအဖြစ် အသုံးပြုပါက ဂါလန်တစ်ထောင်လျှင် ငါးဆယ်ကျပ်နှုန်း၊

(ခ) စီးပွားရေးလုပ်ငန်း၊ စက်ရုံလုပ်ငန်းသုံးရေအဖြစ် အသုံးပြုပါက ဂါလန်တစ်ထောင်လျှင် သုံးရာကျပ်နှုန်း၊

(ဂ) ငါးမွေးမြူရေးကန်များအတွက် အသုံးပြုပါက တစ်ဧကလျှင် တစ်သောင်းကျပ်နှုန်း။

၆။ လျှပ်စစ်ရေတင်လုပ်ငန်းများတွင် ရေတင်စိုက်ပျိုးသည့် သီးနှံအမျိုးအစားအလိုက် ရေတင်ခနှုန်းထားများကို အခွန်စည်းကြပ်ကောက်ခံမည့်အဖွဲ့က အောက်ပါအတိုင်းကောက်ခံရမည် -

(က) နွေစပါးသီးနှံစိုက်ပျိုးခြင်းအတွက် ရေတင်ခ တစ်ဧကလျှင် ကိုးထောင်ကျပ်နှုန်း၊

(ခ) မိုးစပါးသီးနှံစိုက်ပျိုးခြင်းအတွက် ရေတင်ခ တစ်ဧကလျှင် ခြောက်ထောင်ကျပ်နှုန်း၊

(ဂ) အခြားသီးနှံစိုက်ပျိုးခြင်းအတွက် ရေတင်ခ တစ်ဧကလျှင် သုံးထောင်ကျပ်နှုန်း။

### အခန်း (၄)
### ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့အဆင့်ဆင့် ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့်တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့ကို စိုက်ပျိုးရေးဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး သို့မဟုတ် နေပြည်တော်ကောင်စီဝင်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ခံများ၊ သက်ဆိုင်ရာဒေသ၏ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများ ပါဝင်စေပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတာဝန်ခံက အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်သော အများဆုံး ကိုးဦး ပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင် သို့မဟုတ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ်ဦးဆောင်ပြီး ခရိုင်အဆင့် စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်း ဦးစီးဌာနတို့မှ တာဝန်ခံများ၊ သက်ဆိုင်ရာဒေသ၏ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများပါဝင်စေပြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတာဝန်ခံက အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်သော အများဆုံးခုနစ်ဦး ပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ဂ) မြို့နယ် ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ်ဦးဆောင်ပြီး မြို့နယ်အဆင့်စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ခံများ၊ သက်ဆိုင်ရာဒေသ၏ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများပါဝင်စေပြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတာဝန်ခံက အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်သော အများဆုံး ခုနစ်ဦး ပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ်ဦးဆောင်ပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အဆင့်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆည်မြောင်း နှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ သက်ဆိုင်ရာဒေသ၏ တောင်သူလယ်သမားကိုယ်စားလှယ်များပါဝင်သော အများဆုံး ခုနစ်ဦး ပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းရမည်။

၈။ ပုဒ်မ ၇၊ ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်း အခွန်လျာထားချက်ပြည့်မီအောင် စည်းကြပ်ကောက်ခံရေးအတွက် လိုအပ်သလို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့နှင့် မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့တို့မှ ရေခွန် သို့မဟုတ် တာတမံခွန် စည်းကြပ်ထားသည့်လယ်ယာမြေများ၏ ရေသုံးစွဲမှုနှင့်ရေဘေးကာကွယ်မှုအခြေအနေများကို အခါအားလျော်စွာစိစစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့တင်ပြခြင်း၊

(ဂ) အခွန်စည်းကြပ်ကောက်ခံမှုအခြေအနေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ တင်ပြခြင်း၊

(ဃ) သက်ဆိုင်ရာဒေသအတွင်းရှိ ပြည်သူများ၏ ရေရယူသုံးစွဲမှုဖူလုံမှုရှိစေရန်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများအတွက် ရေရရှိမှုလုံလောက်စေရန်၊ အဆင်ပြေလွယ်ကူစွာ ရယူသုံးစွဲနိုင်စေရန်နှင့် ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် အစီအမံများချမှတ်၍ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။

၉။ ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) အရ ဖွဲ့စည်းထားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့နယ် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့များ၏ ဆောင်ရွက်ချက်များကို စစ်ဆေးကြီးကြပ်ခြင်း၊

(ခ) မြို့နယ် ရေခွန်နှင့်တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့က တင်ပြသော အချက်အလက်များကို ထပ်ဆင့်စစ်ဆေး၍ သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဂ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဃ) အရ မြို့နယ် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က သဘောထားမှတ်ချက်များနှင့်အတူ တင်ပြလာသည့်အပေါ် စိစစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) သက်ဆိုင်ရာဒေသအတွင်းရှိ ပြည်သူများ၏ ရေရယူသုံးစွဲမှုဖူလုံမှုရှိစေရန်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများအတွက် ရေရရှိမှုလုံလောက်စေရန်၊ အဆင်ပြေလွယ်ကူစွာ ရယူသုံးစွဲနိုင်စေရန်နှင့် ရေဘေးအန္တရာယ်မှကာကွယ်နိုင်ရန် အစီအမံများရေးဆွဲတင်ပြခြင်းနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။

၁၀။ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) အရ ဖွဲ့စည်းထားသည့် မြို့နယ် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့များကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က ပြုစုတင်ပြလာသည့် ရေခွန်နှင့်တာတမံခွန် စည်းကြပ်မှုစာရင်းကို စိစစ်အတည်ပြုပြီး အခွန်ပြေစာပြုစုနိုင်ရန်နှင့် အခွန်ကောက်ခံနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများသို့ ပေးပို့အကြောင်းကြားခြင်း၊

(ဂ) ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံမှုနှင့်စပ်လျဉ်း၍ ဆည်ရေသုံးစွဲသည့်ဧရိယာ၊ ရေဘေးကာကွယ်သည့်ဧရိယာနှင့် စည်းကြပ်သည့်ဧရိယာစာရင်းတို့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် စာရင်းပြုစုပြီး စိစစ်အတည်ပြုခြင်းနှင့် အဆင့်ဆင့်တင်ပြခြင်း၊

(ဃ) ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရာတွင် ရေရယူသုံးစွဲသည့်ဧရိယာ သို့မဟုတ် ရေဘေးကာကွယ်သည့် ဧရိယာနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လျှင် သက်ဆိုင်ရာအခွန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်ကို ခေါ်ယူစစ်ဆေးခြင်း၊ လိုအပ်သော စာရွက်စာတမ်းများကို တင်ပြစေခြင်းနှင့် လိုအပ်ပါက မြေပြင်ကွင်းဆင်းတိုင်းတာစစ်ဆေးရန် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများကို တာဝန်ပေးအပ်ခြင်း၊

(င) လယ်ယာမြေ တစ်ရပ်ရပ်အတွက်ဖြစ်စေ၊ သီးနှံတစ်မျိုးမျိုးအတွက်ဖြစ်စေ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ပိုးဖျက်ခြင်းနှင့် အခြားမတားဆီးနိုင်သော သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံပျက်စီးဆုံးရှုံးခြင်း ရှိ၊ မရှိ၊ အခွန်မစည်းကြပ်ထိုက်ဘဲ စည်းကြပ်ထားခြင်း၊ အခွန်ပိုမို စည်းကြပ်ထားခြင်း သို့မဟုတ် မှားယွင်းစည်းကြပ်ထားခြင်း ရှိ၊ မရှိနှင့် အခွန်ထမ်းသည် ဥပဒေအရပေးဆောင်ထိုက်သည့် အခွန်ထက်ပိုမိုပေးဆောင်ထားခြင်း ရှိ၊ မရှိ စိစစ်ခြင်း၊

(စ) ပုဒ်မခွဲ (င)ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက ပုဒ်မ ၁၅ အရ လိုအပ်သလို ဆောင်ရွက်နိုင်ရေးအတွက် စိစစ်တွေ့ရှိရသည့် အချက်အလက်များကို စစ်ဆေးတွေ့ရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ သဘောထားမှတ်ချက်များနှင့်အတူ တင်ပြခြင်း၊

**(ဆက်လက်ဖော်ပြပါမည်)**

# မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်များ၏ သားသမီးများအား ဆဌမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်မည်

**ရန်ကုန် ဇူလိုင် ၅**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်များ၏ သားသမီးများအား ဆဌမအကြိမ် ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်သည်။

ယင်းသို့ ချီးမြှင့်ရာတွင် တစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၏ အသင်းဝင် ဖခင်(သို့မဟုတ်) မိခင်အနေဖြင့် ဂုဏ်ထူးရရှိသည့် အထောက်အထား၊ သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်မူရင်း(သို့မဟုတ်) အမှတ်စာရင်းမိတ္တူ၊ အသင်းဝင် ဖခင်(သို့မဟုတ်) မိခင်၏ မြန်မာနိုင်ငံစာရေးဆရာအသင်းဝင် ကတ်ပြားမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာနှင့်ဖုန်းနံပါတ်၊ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ၏ (၄"×၆") ဓာတ်ပုံနှင့် ကိုယ်ရေးအကျဉ်း၊ သက်ဆိုင်ရာ မြို့နယ်စာရေးဆရာအသင်းဥက္ကဌ (သို့မဟုတ်) အတွင်းရေးမှူး၏ မှန်ကန်ကြောင်း ထောက်ခံချက်တို့နှင့်အတူ ဩဂုတ် ၃၁ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ မြန်မာနိုင်ငံ စာရေးဆရာအသင်းအမှတ် (၁၃၇/၁၇၅)(၇)လွှာ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ လျှောက်ထား ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

UNFPA

ကမ္ဘာ့လူဦးရေနေ့

"တိုင်းပြည်သာယာဖွံ့ဖြိုးဖို့ ကိုယ်တိုင်ပါဝင်ဆုံးဖြတ်လို့ မိသားစုစီမံကိန်းချမှတ်စို့"

"Family Planning: Empowering People, Developing Nations"

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်

# ထမံသီတွင် တစ်ကမ္ဘာလုံး၌ မျိုးသုဉ်းလုနီးပါး တောဘဲမန်ဒါလီ ၁၀ ကောင် ထပ်မံတွေ့ရှိ

**စစ်ကိုင်း ဇူလိုင် ၅**

ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၏ နမ့်အီးဇူးချောင်းအတွင်း တစ်ကမ္ဘာလုံးတွင် မျိုးသုဉ်းလုနီးပါး အန္တရာယ် ကျရောက်နေသော တောဘဲမန်ဒါလီ ၁၀ ကောင်ထပ်မံတွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

"ဒီကောင်က မျိုးသုဉ်းပျောက်ကွယ်လုနီးပါး မျိုးစိတ်ထဲမှာပါပါတယ်။ အရင်ကဆိုရင် နေရာတော်တော်များများမှာ တွေ့ရပါတယ်။ ရှေးတုန်းက မှတ်တမ်းတွေမှာဆိုရင် ရွှေဘို၊ မဟာနန္ဒကန်အနီးမှာကို တွေ့ရတယ်။ အခုကတော့ ကျွန်တော်တို့ဆီမှာ ချင်းတွင်းအထက်ပိုင်းနဲ့ ဟူးကောင်းလောက်ပဲ တွေ့ရတော့တယ်။ ဒီတော့ အရေးတကြီး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမယ့် စာရင်းထဲထည့်ထားပါတယ်"ဟု သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ တောအုပ် ဦးမိုးမြင့်အောင်က ပြောသည်။



ဇွန် ၁၇ ရက်က ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏ နမ့်အီးဇူးချောင်းဧရိယာအတွင်း တောအုပ် မိုးမြင့်အောင်နှင့် WCS Myanmar မှ ကင်းသားများပါဝင်သော ကင်းလှည့်အဖွဲ့ခေါင်းဆောင်ဦးသည် ကင်းလှည့်စဉ် အမေတစ်ကောင်နှင့် အကောင်ပေါက်အရွယ် ကိုးကောင် စုစုပေါင်း တောဘဲမန်ဒါလီ ၁၀ ကောင်ရှိသော မိသားစုတစ်အုပ်ကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တောဘဲမန်ဒါလီများသည် နိုင်ငံအချို့တွင်သာ ကျန်ရှိတော့၍ တစ်ကမ္ဘာလုံးတွင် မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော မျိုးစိတ်ဖြစ်နေပြီး မြန်မာနိုင်ငံ၌ ချင်းတွင်းမြစ်ဖျားဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်းရှိ မြစ်ချောင်း၊ အင်းအိုင်တို့တွင် ကျက်စားနေထိုင်လေ့ရှိသည်ကို တွေ့ရကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ ငှက်ထိန်းသိမ်းရေး ကျွမ်းကျင်သူ ကိုနိုင်လင်းက ပြောသည်။

၂၀၁၆ ခုနှစ်အတွင်းကလည်း အမေ တစ်ကောင်နှင့် အရွယ်ရောက် တောဘဲမန်ဒါလီ ခုနစ်ကောင်၊ စုစုပေါင်း ရှစ်ကောင်ကို တောခေါင်း ဦးချစ်ငွေးနှင့် WCS Myanmar မှ ကင်းသားများ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း၊ တောဘဲမန်ဒါလီ (White-winged Wood Duck)ကို ဒေသခံတို့က ကြိုးခွေဟုလည်း ခေါ်ကြောင်း သိရသည်။

ယင်းကို ၁၉၉၄ ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များစာရင်းတွင် ပါဝင်ကြောင်း သိရသည်။

**(ညီတူး)**

# ဘုရားဖူးများ လွယ်ကူချောမွေ့စွာဖူးမြော်နိုင်ရေး တောင်တက်လမ်းမကြီး ဖောက်လုပ်လျက်ရှိ

**မော်လမြိုင် ဇူလိုင် ၅**

မော်လမြိုင်မြို့ ဈေးကြိုတောင်ပိုင်းရပ် ကြွသိနာရုံဗုဒ္ဓဘုရားဝင်းအတွင်းရှိ တောင်ညိုတောင်တန်းပေါ်တွင် စေတီများသို့ ဘုရားဖူးများ လွယ်ကူချောမောစွာ ဖူးမြော်နိုင်ရေးအတွက် ရွှေဘုံသာ၊ ငွေဘုံသာ ဘုရားဖူးတောင်တက်လမ်းမကြီးအား ဖောက်လုပ်လျက်ရှိပြီး အဆိုပါဘုရားဖူးတောင်တက်လမ်းသည် အကျယ် ပေ ၂၀၊ အရှည် ပေ ၂၅၀၀ရှိရာ ယနေ့အထိ ဖောက်လုပ်ပြီးစီးမှုမှာ ပေ ၁၅၀၀ ကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

တောင်ညိုတောင်တန်းပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ရွှေဘုံသာ၊ ငွေဘုံသာ၊ အေးချမ်းသာယာ၊ ချမ်းမြေ့သာယာ ဘုရားလေးဆူတို့အား ပြန်လည်ပြုပြင်မွမ်းမံ ထီးတော်သစ်တင်လှူခဲ့ပြီး အသစ်တည်ထားကိုးကွယ်ခဲ့သည့် ငြိမ်းချမ်းသာယာ၊ အေးငြိမ်းသာယာ၊ သာသနာ (၅၀၀၀)အလင်းဆောင် အရဟံသိဒ္ဓိအောင် တံခွန်တိုင်ကြီးရှိ စေတီ ငါးဆူ၊ အောင်သိဒ္ဓိစေတီ လေးဆူ၊ ကြွသိနာသဃစိတ္တသုခစေတီ၊ ရှင်(၄)ပါးစေတီ လေးဆူတို့နှင့် စေတီအဆူပေါင်း ၃၀၊ တည်ထားဆဲဖြစ်သည့် အရန်စေတီ ၃၂ ဆူခြံရံလျက် ဉာဏ်တော် ၈၁ ပေရှိ ဓာတ်ပေါင်းစုံ စေတီတော်မြတ်ကြီးနှင့် ရှေးလက်ထက်ကတည်းက တည်ထားကိုးကွယ်သည့် စေတီတော်မြတ်ကြီးတို့ကို မွန်ပြည်နယ် သုခမ္မာဂိုဏ်းလုံးဆိုင်ရာ ဂိုဏ်းချုပ်ဩဝါဒစရိယ ဥက္ကဋ္ဌ ကြွသိနာရုံ ဗုဒ္ဓဝင်နာယကဆရာတော် ဘဒ္ဒန္တအာစရက ဦးဆောင်၍ မတည်အလှူရှင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်မင်းထွန်းက ပြုပြင်မွမ်းမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၃၀၇)**

# လမ်းမပေါ်မှအလွဲများနှင့် ဆင်ခြင်စရာများ

ရှေ့တွင် လက်ဝဲဘက်လမ်းကြောင်းသို့ ကူးဝင်ရမည်ဖြစ်သည်။ လက်ဝဲဘက်အချက်ပြမီးကို ကြိုတင်ပြထားပြီးဖြစ်၍ မိမိယာဉ်ကြော၏လက်ဝဲဘက်ခြမ်းသို့ ဦးတည်ထားပြီးဖြစ်သည်။ ဝဲဘက်သို့ဝင်ရန် ခေါင်းအတည်တွင် နောက်ကြည့်မှန်၌ တစ်စုံတစ်ခု ရိပ်ခနဲမြင်တွေ့လိုက်ရသည်။ အရှိန်ထိန်းလိုက်ချိန်တွင် မိမိယာဉ်ကို အရှိန်ပြင်းစွာဖြင့် ကျော်တက်သွားသောယာဉ်တစ်စီး တစ်ဖက်ယာဉ်ကြောအထိ မောင်းနှင်သွားသည်။ တစ်ဖက်ယာဉ်ကြောပေါ်တွင် မော်တော်ဆိုင်ကယ်တစ်စီး ရှိနေသည်။

လျှပ်တစ်ပြက်အတွင်းမှာပင် ကားဘရိတ်အုပ်သံ၊ ကားဘီးတရွတ်ဆွဲပွတ်တိုက်သံ၊ တိုက်ခိုက်လွင့်စဉ်သံတို့နှင့်အတူ အော်ဟစ်ညည်းညူသံများ၊ အနိဋ္ဌာရုံမြင်ကွင်းများ၊ မိမိယာဉ်မှာ လမ်းကြောင်းမှန်ပေါ်တွင် ရှိနေဆဲဖြစ်သော်လည်း



တစ်ဖက်ယာဉ်မှာ မမြင်သင့်စရာအနိဋ္ဌာရုံများ၊ အချက်ပြမီးကို မှားယွင်းအသုံးပြုမိမှုများနှင့် အရှိန်လွန်မောင်းနှင်မှုများကို ဆင်ခြင်ခဲ့လျှင်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာခဲ့လျှင် ဤကဲ့သို့သော အနိဋ္ဌာရုံမြင်ကွင်းမျိုးကို မြင်တွေ့ရမည်မဟုတ်ပါ။

အဝေးပြေးလမ်း၊ အမြန်လမ်းများတွင် မော်တော်ယာဉ်များ ရှေ့နောက်တန်းစီမောင်းနှင်နေချိန်တွင် ရှေ့ကားမှ လက်ဝဲဘက်အချက်ပြမီးပြသခြင်းသည် ယာဉ်ကိုကျော်တက်ခိုင်းခြင်း၊ လက်ယာဘက်အချက်ပြမီး ပြသခြင်းသည် လမ်းမရှင်း၊ ကျော်မတက်နှင့် နောက်မှသာလိုက်ရန် အချက်ပြခြင်းဖြစ်သည်ဟု လွဲမှားစွာကျင့်သုံးနေကြသည်မှာ ကာလရှည်ကြာခဲ့ပြီဖြစ်သည်။

ရုပ်သံနှင့် မီဒီယာများမှ ပညာပေးထုတ်လွှင့်မှုများ ရှိခဲ့သော်လည်း လိုက်နာမှုအားနည်းခဲ့သည်။ မော်တော်ယာဉ်စီးရေနည်းပါးစဉ်က မသိသာသော်လည်း မျက်မှောက်ကာလ အင်ဂျင်အားနှင့် အရွယ်အစားကြီးမားသော ယာဉ်ကြီး၊ ယာဉ်ငယ်များ အမြောက်အမြားတိုးတက်များပြားလာသလို ရန်ကုန်-မန္တလေးလမ်းဟောင်းကိုလည်း နှစ်လမ်းသွားမှ လေးလမ်းသွား၊ ခြောက်လမ်းသွားနိုင်လွန်ကတ္တရာခင်း၍ ပြင်ဆင်ပြီးသောအခါ ထိုအလွဲများမှာ သိသာထင်ရှားလာတော့သည်။ မြို့ရွာများကို ဖြတ်သန်းမောင်းနှင်ကြသော ယာဉ်ကြီး၊ ယာဉ်ငယ်များသည် ကျောင်းတက်၊ ကျောင်းဆင်းချိန်လည်း သတိမထား၊ အရှိန်မလျှော့စတမ်းမောင်းနှင်ခြင်း၊ မှားယွင်းသောအချက်ပြမီးပြခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုအားနည်းခြင်း၊ အထူးသဖြင့် ယာဉ်ကြီးမောင်းနှင်ကြသော ယာဉ်မောင်းများ သတ်မှတ်ထားသည့် ယာဉ်မောင်းသက်တမ်းမရှိခြင်း စသည်တို့ကြောင့် လမ်းမများပေါ်တွင် မမြင်မတွေ့သင့်သောမြင်ကွင်းများကို မြင်တွေ့နေရပေသည်။

တောင်တက်၊ ကုန်းတက်လမ်းများတွင်လည်း လမ်းကြောင်းမှန်အောင် မမောင်းနှင်ဘဲ မှားယွင်းသောအချက်ပြမီးကို ယုံစားမိ၍ ယာဉ်ကျော်တက်ချိန်တွင် လမ်းကွေ့မျက်ကွယ်၊ ကုန်းတက်မျက်ကွယ်တို့နှင့်ကြုံတွေ့ရ၍ တစ်ဖက်ယာဉ်ကြောမှလာသောယာဉ်နှင့် ရုတ်တရက်ခေါင်းချင်းဆိုင်တိုက်မိခြင်း၊ လမ်းဘေးသို့ထိုးကျခြင်း မကြာခဏတွေ့ရတတ်သလို ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် မှားယွင်းသောအချက်ပြမီး အသုံးပြုမှုများ၊ တစ်ဖက်ယာဉ်ကျော်တက်ချိန်တွင် နားလည်မှုပေးရမည့်အစား လမ်းကြောင်းမပေးဘဲ ပိတ်မောင်းပြီး အရှိန်မြှင့်မောင်းနှင်တတ်သော တာဝန်မဲ့သည့်၊ အသိတရားမရှိသည့် ယာဉ်မောင်းအချို့ကို မြင်တွေ့နေရဆဲဖြစ်သည်။

မော်တော်ယာဉ်အချက်ပြမီးများသည် ယာဉ်ကြောပြောင်းခြင်း၊ ချိုးကွေ့ခြင်း၊ ယာဉ်၏လားရာနှင့် ချွတ်ယွင်းမှုရှိသောအခါ(စုံမီးများ)ကို အခြားယာဉ်များ သတိပြုနိုင်စေရန် တပ်ဆင်ထားခြင်းဖြစ်ပါသည်။ ယင်းအချက်ပြမီးများကို စနစ်တကျအသုံးပြုပြီး နောက်မှယာဉ်အား ကျော်တက်စေခြင်း၊ ဘေးကပ်စေခြင်းတို့အတွက် သတ်မှတ်ချက်အတိုင်းသုံးနိုင်ပါလျှင် မိမိယာဉ်အနေဖြင့် ဘယ်ညာချိုးကွေ့ခြင်း၊ ယာဉ်ကြောပြောင်းခြင်းတို့အတွက် အချက်ပြစရာ မလိုတော့ပါ။ ယာဉ်မောင်းသူအနေဖြင့် မိမိယာဉ်ကိုသာ အန္တရာယ်ကင်းအောင်ဂရုစိုက်မောင်းနှင်ရန်ဖြစ်ပြီး နောက်ကားအတွက် ဝန်ဆောင်မှုပေးရန်မရှိတော့ပါ။ ကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်အောင်လမ်းပေးခြင်း၊ အရှိန်လျှော့ချပေးခြင်းတို့ဖြင့်သာ အကူအညီပေးရန်ဖြစ်ပါသည်။ နောက်မှလိုက်သောယာဉ်မှာလည်း ရှေ့ယာဉ်ကိုကပ်လိုက်၍တွန်းခြင်း၊ အနှောင့်အယှက်ဖြစ်အောင် မောင်းနှင်ခြင်းမျိုးကို ရှောင်ရှား၍ မိမိမောင်းနှင်သောအရှိန်နှုန်းနှင့် ကိုက်ညီသည့် လုံလောက်သောအကွာအဝေးမှ ခွာ၍လိုက်ခြင်း၊ မျက်ကွယ်၊ လမ်းကွေ့၊ ကုန်းတက်၊ ကုန်းဆင်း၊ တံတားတက်၊ တံတားဆင်းတို့တွင် သတိပြုမောင်းနှင်ပြီး လူ၊ ယာဉ် မရှင်းလျှင် ထိုနေရာတွင် မကျော်တက်မိအောင် အထူးသတိထားရမည်ဖြစ်သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာသောကြောင့် ယာဉ်တိုက်မှုများဖြစ်ပွားခဲ့လျှင် ငွေကြေးပစ္စည်းများဆုံးရှုံးရသည့်အပြင် လူ့အသက်နှင့်မိသားစုဘဝများပါ ထိခိုက်နစ်နာမှုဖြစ်ရသည်ကို သတိမူရမည်ဖြစ်သည်။ ထိုကဲ့သို့သော အဖြစ်ဆိုးများကို ကျော်လွှားနိုင်ပါသည်။ လျှော့ချနိုင်ပါသည်။ မှားယွင်းစွာကျင့်သုံးခဲ့သော အလေ့အထဟောင်းများကို စွန့်ပယ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ မောင်းနှင်ခြင်း၊ ယာဉ်မောင်းသူအချင်းချင်း လေးစားခြင်း၊ စာနာထောက်ထားခြင်း၊ မိမိနှင့်တကွ ပတ်ဝန်းကျင်ရှိ လမ်းအသုံးပြုသူများ အန္တရာယ်မရှိအောင် သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအတိုင်းမောင်းနှင်ခြင်းဖြင့် စိတ်ဓာတ်နှင့်စည်းကမ်းကောင်းသော ယာဉ်မောင်းများအဖြစ် ဂုဏ်ယူနိုင်ကြစေလိုပါသည်။

**သတင်း-နေသန်**
**ဓာတ်ပုံ-ခွန်းနော်**

## ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျိုက်စကိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး (လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ) ဦးမြအောင်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲအရေးယူ

**နေပြည်တော် ဇူလိုင် ၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ မင်္ဂလာရပ်ကွက်နှင့် တိုက်ကြီးမြို့နယ် ကျိုက်စကိုင်းကျေးရွာနေ နစ်နာသူတို့က လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိပြီးဖြစ်သည့်မြေများ ရောင်းဝယ်ရာတွင် ငွေကြေးပေးခဲ့ရခြင်းအပေါ် အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ ပေးပို့တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ တိုက်ကြီးမြို့နယ် ကျိုက်စကိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး(လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ) ဦးမြအောင်သည် လယ်ယာမြေ ၉ ဒသမ ၆၁ ဧကအတွက် ငွေကျပ် ၁၉သိန်း တောင်းခံရယူခဲ့ကြောင်းနှင့် လယ်ယာမြေအရောင်းအဝယ်စာချုပ် ချုပ်ဆိုရာတွင် တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၈ သိန်း ရယူပြီး သက်သေအဖြစ် လက်မှတ်ရေးထိုးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၆ အရ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် ဇူလိုင် ၅ရက်က တရားစွဲဆို အရေးယူဆောင်ရွက်ခဲ့ကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄၈ စီး၊ သွင်းကုန် ၅၆၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၂၉ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၇ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂ ဒသမ ၉၆ သန်းခန့်) စုစုပေါင်း တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄ ဒသမ ၆၆ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၄ ရက်တွင် မူဆယ်မှ မန္တလေးသို့ ဝင်ရောက်လာသည့် Mitsubishi Canter ခြောက်ဘီးယာဉ်ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော "Nakita" EVD Player ၊ တရုတ်နိုင်ငံလုပ်မုန့်မျိုးစုံ၊ ဖဲထုပ်များနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၇ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



**တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော " Nakita"EVD Player ၊ တရုတ်နိုင်ငံလုပ် မုန့်မျိုးစုံ၊ ဖဲထုပ်များနှင့် သယ်ဆောင်သည့်ယာဉ်။**

## ရန်ကုန် - စစ်တွေ အမြန်လမ်းတွင် ရွှေပြည်သစ် ခရီးသည်တင်ယာဉ် တိမ်းမှောက်

**မြောက်ဦး ဇူလိုင် ၅**

ရန်ကုန်- စစ်တွေကားလမ်း မိုင်တိုင်အမှတ်(၁၁၉/၁)နှင့်(၁၁၉/၂)အကြား မြောက်ဦးမြို့နယ် ဘူးရှက်မညိုးကျေးရွာအုပ်စုအနီး၌ ဇူလိုင် ၄ ရက် ညနေ ၅ နာရီခန့်က ရွှေပြည်သစ် ခရီးသည်တင်ယာဉ် တစ်စီးတိမ်းမှောက်မှု ဖြစ်ပွားကြောင်း သိရသည်။

ရန်ကုန်မှ စစ်တွေသို့ ယာဉ်မောင်း ညီညီဝင်း (၃၇)နှစ် မောင်းနှင်လာသော ရွှေပြည်သစ်ခရီးသည်တင်ယာဉ်သည် ရှေ့မှယာဉ်တစ်စီးအား ကျော်တက်ရာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ အနောက်ဘက်သို့ တိမ်းမှောက်ခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည် အမျိုးသား ၂၀ ၊ အမျိုးသမီး ၁၁ ဦးတို့မှာ ထိခိုက်ဒဏ်ရာမရရှိသော်လည်း ယာဉ်အား မဆင်မခြင်ပေါ့လျော့စွာမောင်းနှင်သူ ရွှေပြည်သစ် ယာဉ်မောင်း ညီညီဝင်းအား မြောက်ဦးမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**ခရိုင် (ပြန်/ဆက်)**

## အမြန်လမ်းမကြီး၌ ရွှေလွန်းပျံခရီးသည်တင်ယာဉ် လမ်းလယ်ကတ်တုံးကို ဝင်ရောက်တိုက်မိကာ လမ်းလယ်ကျွန်းပေါ်ရောက်ရှိ

**ကျောက်တံခါး ဇူလိုင် ၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းအပိုင် ရန်ကုန်-နေပြည်တော်အမြန်လမ်း၌ ဇူလိုင်၅ရက်နံနက် ၅နာရီက ရွှေလွန်းပျံခရီးသည်တင်ယာဉ်သည် လမ်းလယ်ကတ်တုံးကို ဝင်ရောက်တိုက်မိကာ လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိသွားကြောင်း သိရသည်။



နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း ခင်မောင်ဌေး(၄၈)နှစ် အောင်ချမ်းသာရပ်ကွက် အောင်ပန်းမြို့နေသူမောင်းနှင်လာသော ရွှေလွန်းပျံခရီးသည်တင်ယာဉ်သည် ရှေ့မှယာဉ်တစ်စီးအား ကျော်တက်စဉ် လမ်းလယ်ကတ်တုံးကို ဝင်ရောက်တိုက်မိ၍ လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိခဲ့ရာ ယာဉ်ပေါ်ပါယာဉ်မောင်းနှစ်ဦး၊ ယာဉ်နောက်လိုက်တစ်ဦး၊ ခရီးသည်အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ကိုးဦးတို့မှာထိခိုက်ဒဏ်ရာမရရှိသော်လည်း ယာဉ်မှာ ရှေ့ဝဲဘက်ဘီး ပျက်စီးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ယာဉ်မောင်း ခင်မောင်ဌေးအား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

❑



## လေဆိပ်မှပြန်လာသည့် မိသားစုအား အုပ်စုဖွဲ့ လုယက်သူများကို ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၅**

ပဲခူးမြို့နေ ဒေါ်---- သည် မေ ၂ ရက် ည ၉ နာရီခန့်တွင် ကိုရီးယားနိုင်ငံသို့သွားရောက်မည့် သားဖြစ်သူအား မိသားစုနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်ပြီး ပြန်လာစဉ် မင်္ဂလာဒုံမြို့နယ် ပြည်လမ်း ဘီအိုစီမှတ်တိုင်အနီးအရောက်၌ ကားရပ်၍ မြေးဖြစ်သူ ကလေးငယ်မှ အပေါ့သွားနေစဉ် အဖြူရောင်မော်တော်ယာဉ် တစ်စီးမှ ၎င်းတို့၏ ယာဉ်ရှေ့တွင် ပိတ်ရပ်ကာ ဓားများကိုင်ဆောင်လာသော အမျိုးသား လေးဦးဆင်းလာပြီး တစ်ဦးက ဒေါ်---အား ဓားဖြင့်ထောက်ကာ ငွေကျပ် လေးသိန်းခွဲထည့်ထားသော စလင်းဘက်အိတ်နှင့် ခြယ်နားကပ် တစ်ရန်၊ MC ရွှေဆွဲကြိုး တစ်ကုံး၊ ကျောက်ဖြူပါ ရွှေလက်စွပ် တစ်ကွင်း၊ Mi အမျိုးအစားလက်ကိုင်ဖုန်း တစ်လုံး၊ i phone 7 လက်ကိုင်ဖုန်း တစ်လုံး၊ SAMSUNG Note 3 လက်ကိုင်ဖုန်း တစ်လုံး၊ ပလက်တီနမ်ဆွဲကြိုးတစ်ကုံး၊ ဖန်စီဆွဲကြိုး တစ်ကုံးနှင့် မောင်းကွင်းလက်စွပ် တစ်ကွင်း စုစုပေါင်းတန်ဖိုးငွေကျပ် ၄၁၂၀၀၀၀ တို့အား လုယက်ယူဆောင်သွားခဲ့သည်။

ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဇွန် ၆ ရက် နံနက် ၁ နာရီခွဲတွင် မင်းမင်း(ခ)အောင်မျိုးမင်းနှင့် ကျော်စွာမြင့်(ခ) ကောင်းစံ(ခ) ဇေဇေတို့ နှစ်ဦးအား လုယက်မှုကျူးလွန်ရာတွင် အသုံးပြုသည့်မော်တော်ယာဉ်နှင့်အတူ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်တံတားအနီးမှ လည်းကောင်း၊ နံနက် ၃ နာရီတွင် မွှေးနီ(ခ)သူရိန်ထွန်း(ခ)သူရိန်၊ ထက်နိုင်ဝင်း၊ ဝေယံလင်းတို့အား လှိုင်သာယာမြို့နယ်အတွင်းမှ လည်းကောင်း၊ ဇွန် ၉ ရက် ညနေ ၆ နာရီခွဲတွင် စည်သူအောင်(ခ)စည်သူအား လှိုင်သာယာမြို့နယ်အတွင်းမှ လည်းကောင်း၊ ဇွန် ၂၄ ရက်တွင် သန့်ဇင်(ခ)သန့်ဇင်ထိုက်အား ခရမ်းမြို့နယ်မှ လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး လုယက်မှု ကျူးလွန်စဉ်က အသုံးပြုခဲ့သော လက်နက်များကို AA---- Caldina အငှားယာဉ်ရှေ့ခန်း ယာဉ်မောင်းထိုင်ခုံအောက်ရှိ ခြေနင်းပြားအောက်၌ ဝှက်သိမ်းထားကြောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသည့် ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်ခဲ့ရာ သက်ထွေး(ခ)တိုက်မောင်း(ခ) အသေးလေးပါ ရှစ်ဦးတို့က ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းက ရွှေပြည်သာမြို့နယ် (၂)ရပ်ကွက်၌ တစ်ကြိမ်၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်းက လှိုင်သာယာမြို့နယ်၌ နှစ်ကြိမ်၊ မတ်လအတွင်းက လှိုင်သာယာမြို့နယ်အတွင်း၌ နှစ်ကြိမ်၊ ရွှေပြည်သာမြို့နယ်၌ တစ်ကြိမ်၊ ဧပြီလအတွင်းက လှိုင်သာယာမြို့နယ်၌ ငါးကြိမ်၊ ရွှေပြည်သာမြို့နယ်၌ ရှစ်ကြိမ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ တစ်ကြိမ်၊ မေလအတွင်းက ရွှေပြည်သာမြို့နယ်၌ သုံးကြိမ်၊ လှိုင်သာယာမြို့နယ်၌ နှစ်ကြိမ်၊ ဇွန်လဆန်းပိုင်းတွင် လှိုင်သာယာမြို့နယ်၌ တစ်ကြိမ်၊ ရွှေပြည်သာမြို့နယ်၌ နှစ်ကြိမ် အုပ်စုဖွဲ့၍ AA---- Caldina အငှားယာဉ်အား အသုံးပြုပြီး ဓားပြခိုမ်းခြောက်ကာ လက်ကိုင်ဖုန်းများ၊ ရွှေထည်လက်ဝတ်ရတနာများ၊ ဆိုင်ကယ်များနှင့် ငွေများကို အကြိမ်ကြိမ်လုယက်ခဲ့ကြကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့ရှစ်ဦးအား သက်ဆိုင်ရာ ရဲစခန်းအသီးသီးတွင် အမှုများရေးဖွင့် အရေးယူဆောင်ရွက်လျက်ရှိပြီး သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရမိခဲ့သည်။ **(သတင်းစဉ်)**



## မြောက်ဥက္ကလာပမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၅**

မူးယစ်တပ်ဖွဲ့စု(၄၁) ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၄ ရက်က မြောက်ဥက္ကလာပမြို့နယ် (မ္မ) ရပ်ကွက် ဥဋ္ဌနာ (၉) လမ်း အမှတ်(၂၃၀)နေ မဥမ္မာစိုး၏နေအိမ်ကို ရှာဖွေရာ မဥမ္မာစိုး၊ မမြသဇင်နှင့် မသဲစုမတို့အား တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၄၅ ပြားနှင့် ငွေကျပ် ၅ ဒသမ ၉ သိန်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မမြသဇင်(၂၂)နှစ်၊မဥမ္မာစိုး (၃၁) နှစ်နှင့် မသဲစုမ(၁၈)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုရက်တာအား နောက်ဆုံးအကြိမ် မန်ယူအသင်း ကမ်းလှမ်းမည်


မန်ယူအသင်းသည် ရီးယဲလ်မက်ဒရစ်အသင်းမှ စပိန်တိုက်စစ်မှူး မိုရက်တာအား နောက်ဆုံးအကြိမ်အဖြစ် ထပ်မံကမ်းလှမ်းသွားမည်ဖြစ်ကြောင်းသိရသည်။

မန်ယူအသင်း ယခင်က ပစ်မှတ်ထားခဲ့သည့် အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် စပိန်မြေ၌သာ ဆက်နေရန်ဆုံးဖြတ်ခဲ့ခြင်းကြောင့် တိုက်စစ်မှူး မိုရက်တာသည် မန်ယူအသင်း၏ ခေါ်ယူရန်ပစ်မှတ်ထားခံရသူများအနက် ဦးစားပေးကစားသမားဖြစ်လာခဲ့သည့်အပြင် အိုးထရက်ဖို့ဒ်သို့ ရောက်ရှိရန်ပင်နီးစပ်ခဲ့သူဖြစ်သည်။

သို့ရာတွင် ရီးယဲလ်မက်ဒရစ်အသင်းကမူ တိုက်စစ်မှူး မိုရက်တာအား ရောင်းချရန်အတွက် ပေါင် ၇၉ သန်း(ယူရို သန်း ၉၀)ကျော်သတ်မှတ်ထားခဲ့သည်။

မန်ယူအသင်းနည်းပြ မော်ရင်ဟိုကမူ ယခုသီတင်းပတ်အကုန်တွင် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်မည့် ရာသီအကြိုခြေစမ်းပွဲများမတိုင်မီ စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အတိအလင်းပြောကြားခဲ့သည်။

ထို့ပြင် မန်ယူအသင်းအနေဖြင့် ဂိုးသမားဒီဂီယာကိုလည်း ရောင်းချရန်ဆန္ဒမရှိကြောင်းနှင့် မိုရက်တာကို ရရှိရန်အတွက် ဒီဂီယာကို ရောင်းချသွားမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။



# ဘာကလေအား ခေါ်ယူရန် ပေါင်သန်း ၅၀ ပေးမည်မဟုတ်ဟုဆို

စပါးအသင်းသည် အဲဗာတန်ကွင်းလယ်ကစားသမား ဘာကလေအား ခေါ်ယူရန်ဆန္ဒရှိနေသော်လည်း အဲဗာတန်အသင်းက တောင်းဆိုထားသည့် ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ ကို ပေးမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

စပါးအသင်းနည်းပြ ပိုချက်တီနိုအနေဖြင့် ဘာကလေအား ခေါ်ယူပါက လက်ရှိစုဖွဲ့ထားသည့်အသင်းနှင့် ကိုက်ညီမှုရှိမည်ဟု ယုံကြည်ထားသော်လည်း ဘာကလေကမူ အဲဗာတန်အသင်းတွင် ပျော်ရွှင်မှုရရှိနေပြီဟု ဆိုသည်။

စပါးအသင်းသည် အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဘာကလေအား ခေါ်ယူရန် တစ်ပတ်လုပ်ခလစာပေါင် တစ်သိန်းပေးရန်စီစဉ်ထားပြီး စပါးအသင်းအတွက်လည်း စံချိန်တင်ပြောင်းရွှေ့ကြေးဖြစ်လာမည်ဖြစ်သည်။

အဲဗာတန်အသင်းနည်းပြ ရော်နယ်လ်ကိုးမန်းကလည်း ကွင်းလယ်ကစားသမား ဘာကလေအား ယခုအပြောင်းအရွှေ့ဈေးကွက်အတွင်း ရောင်းချသွားရန်စီစဉ်ထားသည့်အပြင် ၎င်းနေရာတွင် အစားထိုးရန်အတွက်လည်း စီစဉ်ထားခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ငွေကြယ် - ရေးသားသည်



# ရွန်းနီအား ပြန်လည်ခေါ်ယူရန် အဲဗာတန်အသင်း စိတ်ဝင်စားနေ

အဲဗာတန်အသင်းသည် မန်ယူအသင်းမှ အင်္ဂလန်တိုက်စစ်မှူး ရွန်းနီအား ဂွတ်ဒီဆင်ပက်ခ်သို့ ပြန်လည်ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။ အဲဗာတန်အသင်းသည် တိုက်စစ်မှူးရွန်းနီအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိသော်လည်း လက်ရှိတွင် တိုက်စစ်မှူး ရွန်းနီသည် တစ်ပတ်လုပ်ခလစာ ပေါင် ၂၅၀၀၀၀ ရရှိနေသူတစ်ဦးဖြစ်သည်။

တိုက်စစ်မှူးရွန်းနီသည် အဲဗာတန်အသင်းမှ မန်ယူအသင်းသို့ ၂၀၀၄ ခုနှစ်က ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး မန်ယူအသင်းတွင် ၁၃ နှစ်ကြာ ကစားပေးထားပြီးဖြစ်သည်။ လက်ရှိတွင် အဲဗာတန်အသင်းအနေဖြင့် တိုက်စစ်မှူးရွန်းနီအား ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်ထားပြီး ရွန်းနီကို ခေါ်ယူရန် စိတ်ဝင်စားနေမှုနှင့် စပ်လျဉ်း၍ လျှို့ဝှက်ထားခြင်းမရှိကြောင်း အဲဗာတန်အသင်းနည်းပြ ရော်နယ်လ်ကိုးမန်းက ပြောကြားခဲ့သည်။

တိုက်စစ်မှူးရွန်းနီသည် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသေးသော်လည်း အလွတ်ပြောင်းရွှေ့ကြေးဖြင့် အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိနေသည်။ ရွန်းနီသည် မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၂၆ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး မန်ယူအသင်းနှင့်အတူ ၂၅၃ ဂိုးအထိသွင်းယူပေးထားနိုင်ခဲ့သည်။ အဲဗာတန်အသင်းသည် တိုက်စစ်မှူး ရွန်းနီအား ပြန်လည်ခေါ်ယူလိုသည့်အပြင် အာဆင်နယ်အသင်းမှ ပြင်သစ်တိုက်စစ်မှူး အိုလီဗာဂီရော့ဒ်ကိုလည်း ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀ ဖြင့် ခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်းလည်းသိရသည်။

# စပို့တင်းလစ္စဘွန်းသို့ အငှားဖြင့် ကိုအန်ထရာအို ပြောင်းရွှေ့

ရီးယဲလ်မက်ဒရစ်နောက်တန်းကစားသမား ကိုအန်ထရာအိုသည် ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းအသင်းသို့ တစ်ရာသီကြာအငှားစာချုပ်ဖြင့် ပြောင်းရွှေ့သွားခဲ့ပြီဖြစ်ကြောင်း သိရသည်။

အသက်(၂၉)နှစ်အရွယ်ရှိ နောက်တန်းကစားသမား ကိုအန်ထရာအိုသည် ယခင်က ဘင်ဖီကာအသင်းတွင် ကစားခဲ့ပြီး လက်ရှိတွင် စပို့တင်းလစ္စဘွန်းသို့ အငှားပြန်လည်ချထားခဲ့ခြင်းကြောင့် ပေါ်တူဂီပြိုင်ဘက်အသင်းများနှင့် ပြန်လည်ရင်ဆိုင်ရတော့မည်ဖြစ်သည်။

နောက်တန်းကစားသမား ကိုအန်ထရာအိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပွဲစဉ် ခြောက်ပွဲသာ ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပွဲထွက်ကစားခဲ့ရသည်။

လက်ရှိတွင်လည်း ရီးယဲလ်မက်ဒရစ်အသင်းနှင့် စပို့တင်းလစ္စဘွန်းအသင်းအကြား သဘောတူညီမှုရရှိခဲ့ပြီး တရားဝင်သတင်းထုတ်ပြန်ခဲ့ကာ ဇူလိုင် ၄ ရက်က ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းက ထုတ်ပြန်သော ထုတ်ပြန်ချက်တွင်မူ ကိုအန်ထရာအိုအား ၂၀၁၈ ခုနှစ် ဇွန် ၃၀ ရက်အထိ အငှားချထားခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။



# နည်းပြကွန်တီက ဇူးမားအား အငှားချလိုသော်လည်း ချယ်လ်ဆီးအသင်း၌သာ ဆက်ကစားရန် ဆန္ဒရှိဟုဆို

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီသည် နောက်တန်းကစားသမား ဇူးမားအား ပြင်သစ်ကလပ်အသင်းများဖြစ်သည့် မာဆေးလ်အသင်း၊ လိုင်ယွန်အသင်း၊ နိုက်စ်အသင်း စသည့်အသင်းများသို့ အငှားချထားရန် လက်ခံထားခဲ့သော်လည်း ဇူးမားကမူ ချယ်လ်ဆီးအသင်း၌သာ ဆက်ကစားရန်ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဇူးမားသည် ပြီးခဲ့သည့်ဘောလုံးရာသီက စတမ်းဖို့ဒ်ဘရစ်ခ်ျတွင် ပုံမှန်ပွဲထွက်ကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ရခြင်းကြောင့် နည်းပြကွန်တီက ဇူးမားအား အငှားချထားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် နောက်တန်းကစားသမား ဇူးမားကမူ လန်ဒန်၌သာ ကစားရမည်ဆိုပါက ချယ်လ်ဆီးအသင်း မဟုတ်လျှင်လည်း တခြားအသင်းတွင် ကစားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြင်သစ်မှလာသော သတင်းများအရ နည်းပြကွန်တီသည် မာဆေးလ်၊ လိုင်ယွန်နှင့် နိုက်စ်အသင်းတို့မှ နောက်တန်းကစားသမား ဇူးမားအား အငှားဖြင့်ကမ်းလှမ်းလာမှုကို လက်ခံထားခဲ့သည်ဟု ဆိုသည်။

နောက်တန်းကစားသမား ဇူးမားသည် ၂၀၁၄ ခုနှစ်အတွင်းက ပြောင်းရွှေ့ကြေးပေါင် ၁၂ သန်းဖြင့် စိန့်အက်စ်တီယန်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး လက်ရှိတွင် ပြင်သစ်ပထမတန်းပြိုင်ပွဲသို့ ပြန်မသွားလိုကြောင်း ပြောကြားထားခဲ့သည်။

ကွန်တီသည် နောက်တန်းခံစစ်ပိုင်းတွင် ကစားသမားအလှည့်ကျအသုံးပြုခြင်းမရှိဘဲ ပုံမှန်ကစားသမားအများစု



ကိုသာ အသုံးပြုခဲ့ခြင်းကြောင့် နောက်တန်းကစားသမား ဇူးမားမှာ ခြေစွမ်းပိုင်းကျဆင်းမှုများရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် နောက်တန်းခံစစ်ကြောင်းတွင် ဒေးဗစ်လုစ်၊ ကာဟေးလ်နှင့် အက်ပီလီကူတာတို့ကိုသာ အသုံးများခဲ့ကြောင်းလည်း သတင်းအချို့က ဖော်ပြထားသည်။ ■

# လယ်ယာမြေကိစ္စရပ်များ ဆောင်ရွက်ရာတွင်အတ္တကင်းကင်းနှင့် မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဖြေရှင်းဆောင်ရွက်

**ပဲခူး ဇူလိုင် ၅**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ဇူလိုင် ၅ ရက် နံနက် ၉ နာရီခွဲက မြေယာကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက မြေယာကိစ္စရပ်များနှင့်ပတ်သက်၍ မြေစစ်၊ လယ်စီ၊ မြေလွတ်မြေရိုင်း၊ စားကျက်မြေစသည့် မြေယာကိစ္စရပ်များသည် အစိုးရအဆက်ဆက် ဖြေရှင်းဆောင်ရွက်ရသော ကိစ္စရပ်တစ်ခုဖြစ်ကြောင်း၊ မိမိတို့အစိုးရသည် ပြည်သူကို ဗဟိုပြုသည့် အစိုးရဖြစ်သည်နှင့်အညီ ပြည်သူတို့၏လိုအပ်ချက်များကို အစဉ်တစိုက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် တာဝန်ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူထားကြောင်း၊ တက်ရောက်လာသည့် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးများ၊ လယ်ယာမြေနှင့်စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့် လယ်ယာမြေကိစ္စရပ်များ ဆောင်ရွက်ရာတွင် အတ္တကင်းကင်းနှင့် မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဖြေရှင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြန်လည်စွန့်လွှတ်မြေများ၊ အခြားနည်းသုံးစွဲခွင့်ရရှိသည့်မြေများကို သေချာစွာပြန်လည်စိစစ်ရန်၊ စားကျက်မြေပယ်ဖျက်ခြင်းကိုလည်း အောက်ခြေပြည်သူလူထု၏ လိုလားချက်အပေါ် မူတည်ပြီး အဆင့်ဆင့် ပြန်လည်တင်ပြသွားရန်၊ မိမိတို့အစိုးရသည် ပြည်သူတို့၏ အကျိုးစီးပွားကိုသာ အစဉ်ရှေ့ရှုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးလယ်ယာမြေနှင့်စာရင်းဦးစီးဌာနမှ မြေယာအမှုတွဲများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်ရှိမှု အခြေအနေများအား Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသည့် လယ်ယာမြေကိစ္စရပ်များအပေါ် စိစစ်ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားပြီးဖြစ်သည့် ကော်မတီဝင်တို့မှ ပေးပို့လာသည့် မြေယာအမှုတွဲများအား ဖြေရှင်းဆောင်ရွက်နေမှုအခြေအနေများအား အသီးသီး ပြန်လည်တင်ပြခဲ့ရာ ဝန်ကြီးချုပ်က ရင်ဆိုင်ရသည့် အခက်အခဲများအပေါ် ဖြေရှင်းဆောင်ရွက်ရမည့်အချက်များအား မှာကြားခဲ့သည်။

အစည်းအဝေးသို့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ အတွင်းရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် လယ်ယာမြေနှင့်စာရင်းအင်းဦးစီးမှူးများ၊ တောင်သူလယ်သမားကိုယ်စားလှယ်များတက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# မန္တလေးတိုင်းဒေသကြီး လူငယ်စွန့်ဦး တီထွင်လုပ်ငန်းရှင်များအသင်း ဖွင့်ပွဲကျင်းပ

**ချမ်းအေးသာစံ ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းဖွင့်ပွဲကို ဇူလိုင် ၅ရက် နံနက် ၈ နာရီခွဲက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်း နှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာအဝင်၌ ကျင်းပခဲ့သည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က မန္တလေးတိုင်းဒေသကြီးလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း အမှတ်တံဆိပ် LOGO အား Digital နည်းပညာဖြင့်ဖွင့်လှစ်ပြီး မန္တလေးတိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးမြတ်သူ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်း၊ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် မန္တလေးတိုင်းဒေသကြီးလူငယ်စွန့်ဦး တီထွင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမိုးကျော်ကျော်တို့က အသင်းရုံးအားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက်မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်နှင့် ဧည့်သည်များသည် မန္တလေးတိုင်းဒေသကြီးလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အသင်းသားများ၏ ထုတ်ကုန်များကိုကြည့်ရှုအားပေးကြသည်။ ဆက်လက်၍အသင်းရုံးတည်ရှိရာ MICT PARKခန်းမ၌ ဖွင့်ပွဲအခမ်းအနားကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံလူငယ် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့က ဂုဏ်ပြုစကားပြောကြားသည်။ ဆက်လက်၍အသင်းဥက္ကဋ္ဌ ဦးမိုးကျော်ကျော်က အသင်း၏ ရှေ့လုပ်ငန်းစဉ်များအား မိတ်ဆက်ပြောကြားသည်။

ဆက်လက်၍ MICT PARK ခန်းမ၌ ဟောပြောပွဲကျင်းပရာ စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် (ငြိမ်း) ဒေါက်တာတင်ဝင်းက မြန်မာ့စီးပွားရေးလုပ်ငန်းများ ခေါင်းစဉ်ဖြင့် ဟောပြောပြီး ဆရာကျော်ရင်မြင့်၊ ဦးရဲမြတ်သူ၊ ဦးမြင့်ဇော်နှင့် ဦးထွန်းထွန်းနိုင်တို့က ခေတ်သစ်အရှေ့မှာ ဘာတွေပြင်ဆင်ကြမလဲ ခေါင်းစဉ်ဖြင့်ဟောပြောဆွေးနွေးကြကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

# တစ်ရက်ထက်တစ်ရက်တက်လာသောချင်းတွင်းမြစ်ရေကာကွယ်ရန် မုံရွာတာရိုးတစ်လျှောက်ရှိရေထိန်းတံခါးများပိတ်ထား

**မုံရွာ ဇူလိုင် ၅**

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့၌ ၉၇၀ စင်တီမီတာသို့ ရောက်ရှိနေပြီဖြစ်သောကြောင့် မုံရွာမြို့၏အဓိကကျသော ဘုရားကြီးရပ်နှင့် အေးသာယာရပ်ရှိ ရေထိန်းတံခါး သုံးခုနှင့် အတူ တာရိုးတစ်လျှောက်ရေထိန်းတံခါးများကို ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် အပြီးပိတ်ထားပြီးဖြစ်ကြောင်း မုံရွာမြို့အေးသာယာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းအောင်ထံမှသိရသည်။

"မုံရွာမြို့ရဲ့ လူနေထူထပ်ရာအဓိကရေထိန်းတံခါးတွေဖြစ်တဲ့ ဘုရားကြီးရပ်ကတစ်ခုနဲ့ အေးသာယာရပ်ကရေတံခါး နှစ်ခုတို့ကို ဇူလိုင် ၅ ရက် မနက်ပိုင်းမှာအပြီးပိတ်ပြီးပါပြီ။ ရေတံခါးက ရေကျချိန်မှာ မြို့ထဲကရေဆိုးထုတ်တဲ့ ရေတံခါးဖြစ်ပြီး ရေကြီးလာတဲ့အခါ အဲဒီတံခါးတွေကတစ်ဆင့် ရပ်ကွက်မြောင်းတွေကနေ ရေဝင်တဲ့အတွက် ကြိုတင်ပိတ်ကြရတာဖြစ်ပါ တယ်" ဟုဦးသန်းထွန်းအောင်က ပြောပြသည်။

ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၅ ရက်နံနက် ၇ နာရီတွင် စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာသို့ရောက်ရန် ၃၀ စင်တီ မီတာအလို ၉၇၀ စင်တီမီတာသို့ရောက်နေပြီဖြစ်သောကြောင့် မုံရွာတာရိုးတစ်လျှောက်ရှိ ရေထိန်းတံခါးများကို ပိတ်ထားပြီးဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# စမ်းချောင်းမြို့နယ်ပန်းလှိုင်ရပ်ကွက်(ဟုမ်းလမ်းဘူတာရပ်ကွက်)၌သွေးလွန်တုပ်ကွေးကာကွယ်ရေး ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၅**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ခေတ္တဌာနမှူးဒေါက်တာသန်းသန်းလွင်ဦးဆောင်ကာ လက်ထောက်ဌာနမှူး ဒေါက်တာမြင့်သန်းထွန်း၊ စမ်းချောင်းမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးတင်ဦးနှင့် မြို့နယ်ကျန်းမာရေးတာဝန်ခံဒေါ်အိအိခင်တို့ ကြီးကြပ်လျက် ဇူလိုင် ၅ ရက် နံနက်က စမ်းချောင်းမြို့နယ် ပန်းလှိုင်ရပ်ကွက် (ဟုမ်းလမ်းဘူတာရပ်ကွက်) အောင်ပန်းလှိုင် ၁/၂/၃/၄/၅ လမ်းတို့တွင် သွေးလွန်တုပ်ကွေး ကာကွယ်ရေး ခြင်ထောင်ဆေးစိမ်ပေးခြင်း၊ အဘိတ်ဆေးခတ်ပေးခြင်း၊ အိမ်တိုင်းမှာရှိသည့်ရေစည်၊ ရေအိုး၊ ပန်းအိုးနှင့် မိုးရေတင်ကျန်နိုင်သည့် နေရာများပါ မကျန် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ကာ မိဘပြည်သူများအား လက်တွေ့ပညာပေးဆောင်ရွက်ပေးခဲ့ကြသည်။

"ကျန်းမာရေးဌာနရဲ့ လမ်းညွှန်မှုနဲ့ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်စည်ပင်ကျန်းမာရေးဌာနတို့ ပူးပေါင်းပြီးလူအင်အားနဲ့ဆောင်ရွက်တာပါ။ ဒီရပ်ကွက်မှာ ၂၀၁၆ - ၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သွေးလွန်တုပ်ကွေးလက္ခဏာတွေ့ရှိသူ လေးဦးရှိပြီး ဆက်လက်မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးတွေအဆက်မပြတ်ဆောင်ရွက်ပေးထားပြီး စောင့်ကြည့်စစ်ဆေးတာတွေလည်းလုပ်ပေးပါတယ်" ဟု လက်ထောက်ဌာနမှူး ဒေါက်တာမြင့်သန်းထွန်းက ရှင်းပြသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသောင်းရွှေက "နေအိမ်တိုင်းကို ကြိုတင်ပြီးဆော်ဩထားပါတယ်။ ခြင်ထောင်တွေကို စနစ်တကျဆေးစိမ်ပေးတာ ခြင်ထောင်အလုံး ၈၀ ရှိပါပြီ။ လူဦးရေ ၃၁၀၀ ခန့်နှင့် အိမ်ခြေက ၃၄၁ အိမ်ရှိပြီး လူနေအိမ်တွေက စိပ်ပါတယ်။ ရပ်ကွက်အတွင်းရှိ မိဘပြည်သူများကိုယ်စား ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

အဆိုပါ သွေးလွန်တုပ်ကွေးကာကွယ်ရေးဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်-(၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုး၊ ကျန်းမာရေးဌာန ခေတ္တဌာနမှူး ဒေါက်တာသန်းသန်းလွင်၊ လက်ထောက်ဌာနမှူးဒေါက်တာ မြင့်သန်းထွန်း၊ အနောက်ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးငွေစိုး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်၊ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးတင်ဦးနှင့် တာဝန်ရှိသူများဖြင့် ရပ်ကွက်လုံးကျွတ် သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

**(၅၉၇)**

# စက်မှုမှတ်ပုံတင်လုပ်ငန်းရှင်များနှင့် SME အသေးစားစက်မှု လုပ်ငန်းရှင်များ၏အခက်အခဲများအားတွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၅**

စက်မှုမှတ်ပုံတင်လုပ်ငန်းရှင်များနှင့် အသေးစားစက်မှုလုပ်ငန်းရှင်များ၏ အခက်အခဲများအား တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၅ ရက် မွန်းလွဲ ၁ နာရီခွဲက နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ နေပြည်တော် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်က အဖွင့်အမှာစကား ပြောကြားသည်။

"နေပြည်တော်တွင် စီးပွားရေးလုပ်ငန်းရှင်များအသင်း အမြန်ဆုံးဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ နည်းပညာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ လုပ်ငန်းရှင်များအားလုံး တန်းတူအခွင့်အရေးများ ရရှိစေရေး၊ စီမံကိန်းလုပ်ငန်းများ ပိုမိုအဆင်ပြေစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများကို အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရှေ့ဆက်ဆောင်ရွက်ရန်လုပ်ငန်းများကိုလည်း တာဝန်ရှိသူများနှင့်အတူ စီးပွားရေးလုပ်ငန်းရှင်များအနေနှင့် တက်ညီလက်ညီဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း" နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်က ပြောသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဟိန်းဇော်က SME လုပ်ငန်းများဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးမင်းက ရင်းနှီးမြှုပ်နှံမှုကော်မတီနှင့် လုပ်ငန်းတာဝန်၊ အခွင့်အလမ်းဆိုင်ရာကိစ္စရပ်များ၊ နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်က နေပြည်တော်အတွင်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အသီးသီး ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော လုပ်ငန်းရှင်များက အခက်အခဲများနှင့်သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သန့်မောင်)**

# စခန်းမှူးလုပ်ငန်းခွင်(မွမ်းမံ)သင်တန်းဖွင့်

**သန်လျင် ဇူလိုင် ၅**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အစီအစဉ်ဖြင့် တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ သန်လျင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ ဇူလိုင် ၃ ရက် မွန်းလွဲ ၁ နာရီက စခန်းမှူး လုပ်ငန်းခွင်(မွမ်းမံ)သင်တန်းအမှတ်စဉ် (၁/၂၀၁၇)ကို ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး (ယာယီ)ဒုတိယရဲမှူးကြီး ထွန်းဖေက သင်တန်းဖွင့်အမှာစကားပြောကြားခဲ့သည်။ သင်တန်းဖွင့်ပွဲသို့ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ အရာရှိများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများတက်ရောက်ခဲ့ကြကြောင်းသိရသည်။

**အောင်ဆွေ(ရွှေတံတား)**







# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

(မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## ခေတ်နဲ့လည်းယှဉ်၊ ပွဲတင်လည်းထပ် ဗုဒ္ဓအလိုကျ ဓမ္မဆောင်းပါးများ




စာရေးဆရာဦးဆန်းလင်း(ဆည်မြောင်း)ရေးသားထားသော ခေတ်နဲ့လည်းယှဉ်၊ ပွဲတင်လည်းထပ် ဗုဒ္ဓအလိုကျဓမ္မဆောင်းပါးများစာအုပ် ထွက်ရှိလာသည်။

ထိုစာအုပ်တွင် ယနေ့မျက်မှောက်ခေတ်နှင့်လျော်ညီသည့် မြတ်ဗုဒ္ဓ၏တရားတော်များ အစီအစဉ်၊ အရေးအသား၊ အသုံးအနှုန်းများဖြင့် မွမ်းမံထားသည့်အပြင် ခေတ်အလိုက် မယုံကြည်ဖွယ်ရာ အချက်အလက်များကိုလည်း ခေတ်မီ တွေးခေါ် မြော်မြင်နည်းဖြင့် တင်ပြဖြေရှင်းထားချက်များကို ထည့်သွင်းထားသဖြင့် မျက်မှောက်ခေတ်စာဖတ်ပရိသတ်များနှင့် အံဝင်ခွင်ကျဖြစ်ပြီး ဗုဒ္ဓဘာသာဝင်များအတွက် လောကုတ္တရာရေးသာမက၊ နေ့စဉ်ဘဝအရေးအရာများပါ အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်၍ ရေးသားထားသည်။

**စာအုပ်ကို ရွှေရည်ဦးစာပေ၊ အမှတ်(၃၈၃)၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၀၇၀၁၅၇နှင့်၀၉၄၂၀၀၁၂၅၃၆ တို့မှတန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့်ဖြန့်ချိသည်။**

............................................................

## လူသားအကျိုးပြုဆေးဖက်ဝင် ပဲပုပ်၊ ပဲပိစပ်၊ ပင်စိမ်းနှင့် နွယ်ချို




မောင်ယဉ်နွယ်နှင့် မဝေဝေနွယ်(တိုင်းရင်းဆေးသိပ္ပံ)တို့ ရေးသားသော လူသားအကျိုးပြုဆေးဖက်ဝင် ပဲပုပ်၊ ပဲပိစပ်၊ ပင်စိမ်းနှင့်နွယ်ချို စာအုပ်ထွက်ရှိလာသည်။ ဤစာအုပ်တွင် ကင်ဆာရောဂါကိုကာကွယ်နိုင်သည့်အာဟာရကြွယ်ဝလှသော ပဲပုပ်နှင့် ပဲပိစပ်တို့သည် အဆိပ်ကိုပြေစေ၍အသက်ကိုရှည်စေသော ပင်စိမ်း၊ အစွမ်းထက်ပြီး ဆေးဖက်ဝင်သောနွယ်ချိုတို့အကြောင်းကို စိုက်ပျိုးခြင်းမှအစ လူသားတို့အတွက် ဆေးဖက်ဝင်ပြီး အကျိုးပြုပုံများကို အသေးစိပ်ရေးသားဖော်ပြထားသည်။

**စာအုပ်ကိုရန်အောင်စာပေ၊ ဆိုင်အမှတ်(H)၊ အ-ထ-က(၁) ရန်ကင်းကျောင်းရှေ့၊ ၁၂-လုံးတန်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၁၇၉၃၉၈နှင့် ၀၉၇၃၂၂၃၄၂၁တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့်ဖြန့်ချိသည်။**

............................................................

## သားသို့....




ယနေ့ခေတ်လူငယ်များဖတ်ရှုလေ့လာသင့်သော စာရေးဆရာလက်ာကျော်၏ သားသို့ . . . စာအုပ်ထွက်ရှိလာသည်။

ဒီခေတ်မှာ ယောကျ်ားလေးတွေရော မိန်းကလေးတွေပါရင်ပေါင်တန်းပြီး အလုပ်လုပ်ကြသောခေတ်ဖြစ်နေပြီး အိမ်ထောင်တစ်ခုမှာအိမ်ထောင်ဦးစီးက ယောကျ်ားလေးပဲလို့တထစ်ချမှတ်လို့မရသောခေတ်ဖြစ်နေသည်ကို "မဟာ ပုရိသတွေလား"၊ တက်လမ်းရှိတဲ့အလုပ်ဆိုတာ ရာထူး ပညာ စည်းစိမ်းတွေ တိုးတက်ဖို့ လမ်းရှိရုံသာမကဘဲ ကိုယ်ရဲ့လုပ်ငန်းခွင်ပျော်ရွှင်မှု တဖြည်းဖြည်း တိုးတက်အသည်ထက်တိုးတက်သွားမယ့်တက်လမ်းမျိုးရှိဖို့ လိုသည်" တက်လမ်း"၊ အရက်နှင့်မူးယစ်ဆေးစွဲပြီး ဒုက္ခပင်လယ်ဝေနေသောလူငယ်တွေက ဆင်ခြင်တုံ တရားကင်းမဲ့၍အရက်ကိုသွားစပြီ စွဲသွားလို့ ဒုက္ခရောက်နေသောသူများ မဖြစ်ပေါ်နိုင်စေရန် "မူးယစ်ဆေးဝါးနှင့် အရက်"စသည်အကြောင်းအရာများကို ပညာပေးရေးသားထားသည်။

**ထိုစာအုပ်ကို နန်းဒေဝီစာပေ၊ အမှတ်-၂၀၀(ပထမထပ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁၃၈၃၀၂၅နှင့် ၀၁၃၉၁၆၃၃တို့မှ တန်ဖိုးငွေကျပ်၂၅၀၀ ဖြင့်ဖြန့်ချိသည်။**

............................................................

## လူငယ်လမ်းညွှန်စာစုများ-၁




စာရေးဆရာ ကောင်းစံသာ(ရေကြည်) ရေးသားသောလူငယ်လမ်းညွှန်စာစုများ-၁ ထွက်ရှိလာသည်။

ထိုစာအုပ်တွင်နေ့စဉ်ဘဝမှရသောအတွေ့အကြုံများနှင့် စာဖတ်ခြင်းမှရရှိသော အသိပညာများကို ပေါင်းစပ်ထားသဖြင့် လူငယ်များ၏ဘဝရှင်သန်မှုအတွက် အထောက်အပံ့ပေးနိုင်စေရန်နှင့် လူငယ်များ၏ ဘဝအတွက်အရေးပါသောလမ်းညွှန်မှုများ၊ ပြောင်းလဲပြင်ဆင်သင့်သည့် စိတ်ဓာတ်ရေးရာများ၊ စိတ်ဓာတ်ခွန်အားပြည့်စာစုများနှင့် ဘဝပျော်ရွှင်ရေး၊ အောင်မြင်ရေး၊ တန်ဖိုးရှိရေးတို့အတွက် အထောက်အပံ့စာစုများကိုစုစည်းဖော်ပြထားသည်။

**စာအုပ်ကို ချန့်ချန်စာပေ၊ အမှတ်(၂၇)၊ ပထမထပ်၊ ၁၇-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၄၃၀၆၄၃၁၉ မှဖြန့်ချိသည်။**

## လွမ်းလိုက်တာဖေဖေရယ်နှင့် ရသစာစုများ




စာရေးဆရာမဝါဝါထင်လင်းရေးသားသည့် လွမ်းလိုက်တာဖေဖေရယ်နှင့် ရသစာစုများစာအုပ် ဒုတိယအကြိမ်ထွက်ရှိလာသည်။ ၁၉၉၀ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဖော်ပြခဲ့သောရသစာစု ၁၂ ပုဒ်ကိုစုစည်း၍ထုတ်ဝေခြင်းဖြစ်သည်။"ဖေဖေရယ်-သမီးရယ်နဲ့ ခရီးတိုလေး"တွင် အဖေနဲ့သမီး အဖုအထစ်လေးများဖြစ်ပြီး နောက်ပိုင်းနားလည်ပြေလည်သွားပုံမှာချစ်စရာသားအဖ အသွင်ပေါ်လွင်သည်။"ပေါ့စေချင်လို့ကြောင်ရုပ်ထိုးတော့"စာစုတွင်မှုပိုးသတ်ဆေးထိုးပြီး စက္ကန့်ပိုင်းအတွင်းသေဆုံးသွားရသော ဖခင်၏ဖြစ်စဉ်ကိုရင်နင့်ဖွယ် ရေးသားထားသည်။ မစွမ်းဆောင်နိုင်သောဖခင်အိုများအပေါ် စာနာသနားပြီးနားလည်ပေးစေချင်၊ ပြုစုလုပ်ကိုင်ပေးစေချင်သည့်အပြင် ဖခင်များကလည်း သားသမီးများအပေါ် အရိပ်အာဝါသကောင်းကိုပေးပြီးနေစေလိုကြောင်းရေးသားထားသည့် စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကိုရွှေသစ္စာစာပေ၊ အမှတ်(၄၂၇)၊ အခန်း(၂၀၂)၊ ရာဇာဓိရာဇ်အိမ်ရာ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၃၆၀၇၃၆နှင့် ၀၉၅၀၀၁၀၈၆မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့်ဖြန့်ချိထားသည်။**

............................................................

## လူကြီး၊ လူငယ်မရွေး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေမည့် အထွေထွေ ဗဟုသုတဉာဏ်စမ်းများ




ဦးအောင်ခိုင်မြင့်နှင့် အယ်ဒီတာအဖွဲ့ ရေးသားထားသောလူကြီး၊ လူငယ်မရွေး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေမည့် အထွေအထွေဗဟုသုတ ဉာဏ်စမ်းများစာအုပ် ထွက်ရှိလာသည်။

ထိုစာအုပ်တွင်ပါရှိသော မေးခွန်းများကိုဖြေဆိုခြင်းဖြင့်ဗဟုသုတ တိုးပွားခြင်း၊ ဉာဏ်ပွင့်လင်းခြင်း၊ စိတ်ကြည်လင်ခြင်း၊ ဦးနှောက်ဖွံ့ဖြိုးတိုးတက်ခြင်းစသည့်အကျိုးကျေးဇူးများကို ရရှိစေသည့် အပြင် ဦးနှောက်၏မှတ်ဉာဏ်စွမ်းအားများကိုတိုးတက်စေ ၍ ကျောင်းသားကျောင်းသူများ စာကျက်မှတ်ရာတွင်အထောက်အကူဖြစ်စေသည်။ ဉာဏ်စမ်းမေးခွန်းများကို သိသည်ဟုယူဆထားသော်လည်း မသိသေးသည့်မေးခွန်းများ၊ သိကိုသိထားရမည့် မေးခွန်းများကိုအဖြေနှင့်တကွပြည့်စုံစွာဖော်ပြထားသည်။

**စာအုပ်ကို မရွှိမစာပေ၊ အမှတ်(၂၃၇)၊ ပထမထပ်-ဝဲ၊ (၃၉)လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၈၃၅နှင့် ၀၉-၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့်ဖြန့်ချိသည်။**

............................................................

## အောင်မြင်လိုသူတိုင်းအတွက် ခေတ်မီစီးပွားရေးသုံးအင်္ဂလိပ်စာ




နေမင်းရာဇာ အယ်ဒီတာအဖွဲ့ရေးသားထားသော အောင်မြင်လိုသူတိုင်းအတွက် ခေတ်မီစီးပွားရေးသုံးအင်္ဂလိပ်စာ စာအုပ်ထွက်ရှိလာသည်။ စီးပွားရေးသုံးအင်္ဂလိပ်စာသည် တစ်စတစ်စနှင့်အသုံးပြုလာရာ လေ့လာရာတွင်လွယ်ကူစေရန်နှင့် အလွယ်တကူအသုံးပြုနိုင်စေရန်အတွက် စတင်လေ့လာသူများနှင့် လုပ်ငန်းခွင်အတွင်းလုပ်ဆောင်နေသူများအတွက် အထောက်အကူပြုစေရန် ရည်ရွယ်၍ရေးသားထားခြင်းဖြစ်သည်။ ဤစာအုပ်တွင် စီးပွားရေးသုံး အင်္ဂလိပ်စာ ပေးစာကဏ္ဍကိုယ်ရေးအကျဉ်းရေးသားပုံ၊ အဖွင့်စာရေးသားပုံ၊ အီးမေးလ်ရေးသားပုံ၊ တယ်လီဖုန်းပြောဆိုမှုဆိုင်ရာလိုက်နာသင့်သည့်အချက်များပါပါရှိသည်။ ထို့အပြင်စီးပွားရေးလုပ်ငန်းသုံးတင်ဆက်ခြင်းဆိုင်ရာများနှင့်အစည်းအဝေးကျင်းပရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပုံစံများကိုပါ ဗဟုသုတရရှိစေရန်ရေးသားထားသောစာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

**စာအုပ်ကိုမရွှိမစာပေ၊ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ ၃၉-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁၃၉၂၈၃၅နှင့် ၀၉၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ်၂၅၀၀ ဖြင့်ဖြန့်ချိသည်။**

............................................................

## ကျွန်တော်နှင့် ပါမောက္ခများ



K ပေါ ရေးသားသော ကျွန်တော်နှင့် ပါမောက္ခများစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင်မှားခဲ့ဖူးတဲ့ထိတ်ထိတ်ကြဲအင်္ဂလိပ်ကြီး၊ ချာချီဝေဖန်ပြီ၊ ဘာကြောင့် တောင်းပန်စကားဆိုရမှာလဲ၊ နှစ် ၄၀အတိတ်ပြန်ကြည့်ပါမည်၊ အရေးအခင်းတွေ၊ တက္ကသိုလ်ဘုန်းနိုင်နှင့်ကျွန်တော်၊ ကေပေါတို့ အရွယ်တွေမခေပါ၊ အခုတော့အားလုံးသမိုင်းဖြစ်ပါပြီစသည့်စာရေးသူ၏လျှောက်လှမ်းခဲ့သောဘဝအတွေ့အကြုံများကိုရေးသားထားသည့်အပြင် ဆရာကြီးဦးခင်မောင်တင့်၊ ဆရာကြီးဦးသန်းဦးနှင့် ပါမောက္ခ၂၄ဦး၏ အကြောင်းအရာများကိုရေးသားထားသည်။

**ထိုစာအုပ်ကို ဒေါင်းစာပေ၊ အမှတ်-၁၁၃၊ (၃၃)လမ်း-အလယ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁၃၇၃၂၁၀နှင့် ၀၉၅၁၆၂၀၆၄တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့်ဖြန့်ချိသည်။**

# ယခုနှစ်အတွင်း လက်ထပ်တော့မယ်လို့ဆိုလာတဲ့ ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီ

လတ်တလောမှာပေါ်ထွက်လာခဲ့တဲ့ ဘာလီကျွန်းက ကောလာဟလတွေနဲ့ပတ်သက်ပြီး ငြင်းချက်ထုတ်ထားတာ သီတင်းပတ်တစ်ပတ်မပြည့်သေးခင်မှာပဲ တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဆောင်းဟေကိုက သူ့ရဲ့မင်္ဂလာသတင်းနဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားလာခဲ့တာကြောင့် အံ့အားသင့်စရာသတင်းတစ်ပုဒ်ဖြစ်ခဲ့ရပြီး လတ်တလောမှာတော့ အာရှမီဒီယာတွေမှာ ရှေ့ဆုံးကနေရာယူထားတဲ့ သတင်းတစ်ပုဒ်ဖြစ်နေတာကို တွေ့ရပါတယ်။

ပြီးခဲ့တဲ့ လကုန်ပိုင်းက အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ ဆောင်ဂျွန်ကီနဲ့အတူ တွေ့ခဲ့ရကာ ဟိုတယ်တစ်ခုတည်းမှာ အတူတည်းခိုခဲ့ကြောင်း ရုပ်သံတစ်ခုက ထုတ်ဖော်ပြောကြားခဲ့ရာမှာတော့ ဆောင်းဟေကိုက အေဂျင်စီကနေတစ်ဆင့် ယင်းကောလာဟလတွေဟာ အခြေအမြစ်မရှိကြောင်းနဲ့ တုံ့ပြန်ဖို့ရာ မထိုက်တန်ကြောင်း ယခုသီတင်းပတ်အတွင်း ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ဒီလိုပြောကြားခဲ့ပြီးနောက် ဇူလိုင် ၅ ရက်မှာတော့ ဆောင်းဟေကိုက သူနဲ့ ဆောင်ဂျွန်ကီတို့ဟာ ချစ်သူတွေဖြစ်နေကြောင်းနဲ့ လာမယ့်အောက်တိုဘာလအတွင်း လက်ထပ်ပွဲဆင်နွှဲတော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြန်တာဖြစ်ပါတယ်။

ကောလာဟလတွေစတင် ပေါ်ထွက်လာချိန်မှ မင်္ဂလာသတင်းမကြေညာ မီအချိန်အထိ တစ်ချိန်လုံးငြင်းချက်ထုတ်နေခဲ့တာဖြစ်ပြီး ချစ်သူတွေဖြစ်ကြောင်း တရားဝင်ကြေညာခဲ့ချိန်မှာတော့ မင်္ဂလာသတင်းကိုပါ တစ်ချိန်တည်း အသိပေးခဲ့တာကြောင့် တောင်ကိုရီးယားကြယ်ပွင့်စုံတွဲတွေအနက် ဆောင်ဂျွန်ကီနဲ့ ဆောင်းဟေကိုတို့ဟာ ထူးခြားနေတာဖြစ်တယ်လို့ဆိုရမှာပါ။ ဒီလို မင်္ဂလာသတင်းကို တရားဝင်ကြေညာပေးခဲ့ချိန်မှာလည်း အချို့သော မီဒီယာတွေက ဆောင်းဟေကိုဟာ လက်ရှိမှာ ကိုယ်ဝန်လွယ်ထားရတာဖြစ်နိုင်ကြောင်း သတင်းတွေပေါ်ထွက်ခဲ့ပေမယ့် ဆောင်းဟေကိုနဲ့ သူ့ရဲ့ အေဂျင်စီကတော့ ယင်းစွပ်စွဲချက်တွေဟာ မမှန်ကန်ကြောင်း ပြန်လည်ရှင်းလင်းခဲ့တယ်လို့လည်း သိရပါတယ်။

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်လာတဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်သူ ဆောင်ဂျွန်ကီနဲ့ ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်တဲ့ ဆောင်းဟေကိုတို့ဟာ ပြီးခဲ့တဲ့နှစ်အတွင်းက ထုတ်လွှင့်ပြသခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် “Descendants of the Sun”မှာ စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး ယင်းရုပ်ရှင်မှာ အထူးတပ်မှ ဗိုလ်ကြီးနဲ့ ဆရာဝန်မလေးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ယင်းရုပ်ရှင်ရိုက်ကူးခဲ့စဉ်ကတည်းက ချစ်သူတွေဖြစ်နေကြကြောင်း သတင်းတွေထွက်နေပြီး လာမယ့်အောက်တိုဘာ ၃၁ ရက်မှာ မင်္ဂလာပွဲကျင်းပသွားမှုဖြစ်တယ်လို့လည်း ကြယ်ပွင့်နှစ်ဦးက တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

မင်္ဂလာသတင်းနဲ့ပတ်သက်ပြီး ကြယ်ပွင့်နှစ်ဦးစလုံးရဲ့ ဖျော်ဖြေရေးအေဂျင်စီတွေက အတည်ပြုခဲ့ပြီးဖြစ်ကာ ယခင်က ငြင်းချက်ထုတ်ခဲ့ရတာတွေနဲ့ပတ်သက်ပြီး “မင်္ဂလာပွဲဟာ ရိုးရှင်းတဲ့အရာတစ်ခုမဟုတ်ဘဲ နှစ်ဖက်မိသားစုတွေပါ ပါဝင်ပတ်သက်နေတဲ့အရာဖြစ်တာကြောင့် အရာရာမှာ ဂရုတစိုက်လုပ်ဆောင်ရတာပါ။ ဒီကိစ္စဟာ တကယ်ကိုထိခိုက်လွယ်တဲ့အရာဖြစ်ပြီး လူတစ်ဦးရဲ့ဘဝမှာလည်း အရေးကြီးတဲ့အရာဖြစ်တာကြောင့် လတ်တလောမှသာ တရားဝင်အတည်ပြုပေးခဲ့ရတာပါ။ အခုတော့ ပရိသတ်တွေလည်း နားလည်ပေးနိုင်ဖို့မျှော်လင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ကြယ်ပွင့်နှစ်ဦးရဲ့ အနာဂတ်ဘဝတွေ သာယာလှပစေလိုကြောင်း ပရိသတ်တွေဆီက ဆုတောင်းစကားတွေကို တောင်းဆိုချင်ပါတယ်။ ကြယ်ပွင့်တွေက သူတို့ရဲ့သတင်းတွေကို ပရိသတ်တွေကို အချိန်နဲ့တစ်ပြေးညီ မျှဝေသွားဖို့လည်း ဆန္ဒရှိနေပါတယ်”လို့ ပြောကြားခဲ့ပါတယ်။

ဒီလိုချစ်သူတွေဖြစ်နေကြောင်း တရားဝင်ထုတ်ဖော် ပြောကြားခဲ့ပြီးတဲ့နောက်မှာတော့ အွန်လိုင်းမီဒီယာတစ်ခုဖြစ်တဲ့ ဒစ်ပတ်ချ်က ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းက ဟောင်ကောင်မှာ ချိန်းဆိုတွေ့ဆုံခဲ့ကြတဲ့ ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့ရဲ့ ဓာတ်ပုံတွေကို ထုတ်ဖော်ပြသလာခဲ့တာဖြစ်ပါတယ်။ အဆိုပါမီဒီယာက ဆောင်ဂျွန်ကီနဲ့ ဆောင်းဟေကိုတို့ ချစ်သူတွေဖြစ်နေကြောင်း သိနေခဲ့တာအချိန်အတော်ကြာခဲ့ပြီဖြစ်ကာ သူတို့နှစ်ဦးဟာ ပုံမှန်ချိန်းဆိုတွေ့ဆုံခဲ့တာကိုလည်း တွေ့ရကြောင်းနဲ့ မင်္ဂလာသတင်းကိုလည်း အနုပညာနယ်ပယ်မှ သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ သိခဲ့ပြီးဖြစ်ပေမယ့် ခိုင်မာတဲ့ သက်သေမရှိတာကြောင့် ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိတာဖြစ်တယ်လို့လည်း ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။



ဒါ့အပြင် အခြားသောသတင်းရင်းမြစ်တစ်ဦးကလည်း ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ဇာတ်လမ်းတွေ စတင်ခဲ့တာဖြစ်ကြောင်း၊ သူတို့နှစ်ဦးခေါင်းဆောင်ပါဝင်ထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် “Descendants of the Sun”ကို စတင်ရိုက်ကူးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ချစ်သူတွေဖြစ်ခဲ့ကြကြောင်းနဲ့ ယင်းရုပ်ရှင်ကို ၂၀၁၆ ခုနှစ်အတွင်း စတင်ထုတ်လွှင့်ခဲ့ပြီး ယင်းရုပ်ရှင်ပြီးနောက် နှစ်ဦးသားချိန်းဆိုတွေ့ဆုံမှုတွေ ရှိနေခဲ့တာဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

ဆောင်းဟေကိုရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ယူနိုက်တက်အတစ်က ဆောင်းဟေကိုအနေနဲ့ လတ်တလောမှာ ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း ကောလာလလတွေ ပေါ်ထွက်နေတာနဲ့ပတ်သက်ပြီး ငြင်းဆိုခဲ့ကာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ဆောင်းဟေကိုဟာ ဆောင်ဂျွန်ကီနဲ့ ချစ်သူတွေအဖြစ် စတင်လက်တွဲခဲ့တာဖြစ်တယ်ဆိုတဲ့ သတင်းကိုတော့ အတည်ပြုနိုင်ခြင်းမရှိသေးကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့ရဲ့ ကောလာဟလတွေဟာ “Descendants of the Sun”ဇာတ်လမ်းတွဲရုပ်ရှင်ရဲ့ အောင်မြင်မှုတွေနဲ့အတူ စတင်ပေါ်ထွက်လာခဲ့တာ ဖြစ်ပါတယ်။ ရိုက်ကူးရေးလုပ်ငန်းတွေ ပြီးဆုံးသွားခဲ့ပေမယ့် သူတို့နှစ်ဦးကို အတူတွေ့နေရကြောင်း သတင်းတွေပေါ်ထွက်ခဲ့ပေမယ့် ရုပ်ရှင်အဖွဲ့သားတွေ ပြန်လည်တွေ့ဆုံတာဖြစ်ကြောင်း တုံ့ပြန်ခဲ့ပါတယ်။ ဒါ့အပြင် ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့ လက်ပတ်အတူတူဝတ်ဆင်ခဲ့တာကိုတွေ့ခဲ့ရပြီးနောက် စုံတွဲလက်ပတ်ဝတ်ဆင်ထားကြောင်း သတင်းတွေထပ်မံပေါ်ထွက်လာခဲ့ချိန်မှာတော့ ဆောင်းဟေကိုရဲ့ အေဂျင်စီက မင်းသမီးဟာ သူ့ရဲ့ခေါင်းစည်းကြိုးကို လက်မှာပတ်ထားတာဖြစ်ကြောင်းနဲ့ ဆောင်ဂျွန်ကီကတော့ သူ့ရဲ့အဝတ်အစား ဒီဇိုင်နာဆင်ပေးတဲ့အတိုင်း ဝတ်ဆင်ခဲ့တာဖြစ်ကြောင်း တုံ့ပြန်ခဲ့ကာ နှစ်ဦးအကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး ငြင်းချက်ထုတ်ခဲ့ကြပါတယ်။

မကြာသေးမီက အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ နှစ်ဦးသား အတူတွေ့ခဲ့ရကြောင်းနဲ့ ဟိုတယ်တစ်ခုတည်းမှာ တည်းခိုနေတာဖြစ်ကြောင်း ကောလာဟလတွေပေါ်ထွက်လာခဲ့ချိန်မှာ ဆောင်းဟေကိုရဲ့ အေဂျင်စီက မင်းသမီးဟာအလုပ်ကိစ္စနဲ့ ဘာလီကို ရောက်နေတာဖြစ်ကြောင်းနဲ့ ကောလာဟလတွေဟာ တုံ့ပြန်ငြင်းဆိုဖို့ရာတောင် မထိုက်တန်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် လတ်တလောမှာ ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့လာမယ့် အောက်တိုဘာ ၃၁ ရက်မှာ လက်ထပ်ပွဲဆင်နွှဲတော့မှာ ဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့ချိန်မှာတော့ အေဂျင်စီနှစ်ခုလုံးက အတည်ပြုပေးခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။



## တေးအယ်လ်ဘမ်သစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာမယ့် “Girls' Generation”

အေးပြည့်
စုစည်းသည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “Girls' Generation”ဟာ လာမယ့်လအတွင်း အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်တာကြောင့် အဖွဲ့ရဲ့တေးဂီတလှုပ်ရှားမှုအသစ်တွေကို ပရိသတ်တွေအရှေ့အရောက်ပို့ပေးနိုင်တော့မှာဖြစ်ပါတယ်။ ဒီသတင်းပေါ်ထွက်လာပြီးတဲ့နောက်မှာတော့ အဖွဲ့ရဲ့တေးသီချင်းသစ်တွေကို ကာလရှည်စောင့်မျှော်နေခဲ့ရတဲ့ပရိသတ်တွေက အထူးဝမ်းမြောက်ခဲ့ကြကြောင်းလည်း အော့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လာမယ့်ဩဂုတ်လအတွင်း ထုတ်လွှင့်သွားမယ့် “Girls' Generation”ရဲ့တေးအယ်လ်ဘမ်သစ်ဟာ အဖွဲ့ရဲ့ ခြောက်ခုမြောက် တေးအယ်လ်ဘမ်သစ်ဖြစ်ကာ တေးအယ်လ်ဘမ်အပြည့်အစုံကို ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့လည်းသိရပါတယ်။ ယင်းတေးအယ်လ်ဘမ်သစ်ဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ် “Lion's Heart”ရဲ့ နောက်ဆက်တွဲတေးအယ်လ်ဘမ်ဖြစ်ကာ အဖွဲ့ရဲ့ဂီတသက်တမ်း ဆယ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ထုတ်လွှင့်ပေးတာဖြစ်တယ်လို့လည်း သိရပါတယ်။

တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မယ့်ရက်အတိအကျနဲ့ အခြားအသေးစိတ်အချက်အလက်တွေကိုတော့ အဖွဲ့က လတ်တလောအချိန်အထိ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးပါဘူး။ ဒါပေမယ့် “Girls' Generation” အဖွဲ့ဝင်တွေဟာ အဖွဲ့တည်ထောင်ခြင်း ဆယ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပရိသတ်တွေနဲ့တွေ့ဆုံပွဲကို လာမယ့် ဩဂုတ် ၅ ရက်မှာ ဆိုးလ်မှာရှိတဲ့ အိုလံပစ်ပန်းခြံက အိုလံပစ်ခန်းမမှာ ပြုလုပ်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

“Girls' Generation”ကို ၂၀၀၇ ခုနှစ်က စတင်တည်ထောင်ခဲ့တာဖြစ်ပြီး အဖွဲ့ဝင်ကိုးဦးနဲ့ စတင်ဖွဲ့စည်းခဲ့ကာ လက်ရှိမှာတော့ အဖွဲ့ဝင်ရှစ်ဦးကျန်ရှိနေပါတယ်။ ယင်းအဖွဲ့ဟာ ကေပေါ့ပ်အဖွဲ့တွေအနက် ခုနစ်နှစ်စာချုပ်သက်တမ်းကို ကျော်လွန်ကာ ဆက်လက်ရပ်တည်နိုင်ခဲ့တဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့လည်းဖြစ်ပါတယ်။

ဧအားရှိန်း ရန်ကုန် ခရီးသွားကုမ္ပဏီ

ပြည်ပခရီးသွားလိုင်စင်အမှတ် (ပအ-၀၃၁၀)

# ဗုဒ္ဓဂယာ အဆင့်မြင့်ဘုရားဖူးခရီးစဉ်(၇)ညအိပ်(၈)ရက်

ဟိုတယ်ခရီးစဉ် သံဝေဇနိယလေးဌာန ၊ အဝိဇ္ဇာဟိတသုံးဌာန (အိန္ဒိယ+နီပေါ)


ထွက်ခွာမည့်ရက် – ၁၁.၁၀.၂၀၁၇၊ ၈.၁၁.၂၀၁၇၊ ၂၀.၁၂.၂၀၁၇

တိုက်(၁)၊အမှတ်(၁၀၆)၊ပထမထပ်၊ဘုတာရုံလမ်း(၂)ရပ်ကွက်၊လှိုင်မြို့နယ်၊ရန်ကုန်မြို့

၀၉ ၄၅၇၁၁၁၁၈၇ ၊ ၀၉ ၄၅၆၄၃၁၄၂၀ facebook asianygntravels.com

ပီယက်နမ်ခရီးစဉ်-
ဗီယက်နမ် +ကမ္ဘောဒီးယား (၅ ည အိပ်- ၆ ရက်)
ဟနွိုင်း-ဟလောင်း (၃ ည အိပ်-၄ ရက်)
ဟိုချီမင်း-မူနဲ-ဒါလတ် (၄ ည အိပ်-၅ ရက်)

အထူး Promotion ဈေး




AIR KBZ
AIR KBZ Holidays
ချင်းမိုင်
"Chiang Mai"
Package Tours

3D/2N US$ 279
4D/3N US$ 299
5D/4N US$ 319

Jishugakkan Yangon Japanese Center (JYJC)
2018, April တန်းအတွက်
ကျောင်းလျှောက်မည့်သူများ
နာမည်စာရင်းသွင်းနိုင်ပါပြီ
***JYJC တွင် N-5 (New Class)
ဂျပန်စာ အခြေခံသင်တန်း ကို
(7.7.2017) တွင် စတင်ဖွင့်လှစ်ပါမည်။
( Mon , Wed, Fri - 9:30 ~ 11:30)
JYJC (Yangon) 01-504268, 09-43139339
JBJC (Bago) 09-767862682

Travels King
09-423773311 09-423773322
July 7, 14

ဒေါ်မော်မော်
B.Sc(Phy)Q.D.A(Myan),D.A(L.C.C.I) UK,DMAc,DFAc
L.C.C.I Level 1,2,3 & Computerised Accounting
December Series အတွက် ကျောင်းအပ်လက်ခံနေပါပြီ။
09-73205079, 09-254215033
09-799564703, 09-974072330



# တရားခွင်လက်စွဲ
တရားမ (၂)
မနုဖြူဦးသန်းဆွေ
ထွက်ပြီ
စာပေရဲရင့်စာပေ– ၀၉-၇၃၀၄၁၀၇၈၊ ၀၁-၃၉၄၆၈၅

နားပေါက်ကျယ်ချပ်သည်
နားပေါက်ပေါက်သည်
နှုတ်ဆိုင်းဖြစ်အောင်လုပ်ရှာချုပ်ပေးသည်။
တစ်ဖက်သုံးသောင်း၊နှစ်ဖက်ခြောက်သောင်း
Ph : 09 777747223, 09 5139289.

ဖခင်အမည်ပြန်

GW 0973226006 0973133528 0973077569
အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
09401505559




UMG COLLEGE မှ ဖွင့်လှစ်သည့် HND (UK) သင်တန်းများ

Internship Training ပါ ပြုလုပ်ပေးသည့် အခွင့်အရေးကို ရယူလိုက်ပါ။

- Mechanical Engineering
- Civil Engineering
- Electrical and Electronic Engineering



UK, Australia, Singapore အစရှိသော နိုင်ငံတကာတက္ကသိုလ်များတွင် Top-up Course များကို ဆက်လက် တက်ရောက်နိုင်ပြီး UK Bachelor's Degree ဘွဲ့ကို ရယူနိုင်မည့် အခွင့်အရေး

HND edexcel
www.facebook.com/umgcollege
Website: www.umgroups.com

STI MYANMAR UNIVERSITY
University of Bedfordshire
THE OPEN UNIVERSITY OF HONG KONG

ဂုဏ်သိက္ခာမြင့်မားသော အာမခံချက်အရှိဆုံး အရည်အသွေးမြင့် University of Bedfordshite (UK), The Open University of Hong Kong (HK) မှ တိုက်ရိုက်ချီးမြှင့်သည့် ဂုဏ်ထူးတန်းဘွဲ့ကို ရန်ကုန်မှာပင် ရယူနိုင်ပါပြီ။

www.stiedu.net

# STI MYANMAR UNIVERSITY



STI Myanmar University သည် ၂၀၀၆ခုနှစ်ကတည်းက ဂုဏ်သိက္ခာမြင့်မားသော ကျောင်းအဖြစ် ရပ်တည်ကာ University of Bedfordshire (UK), The Open University of HongKong (HK) စသည့် အဆင့်မြင့်တက္ကသိုလ်ကြီးများဖြင့် ချိတ်ဆက်၍ Business, Engineering, Health Science, Education & Linguistics ဆိုင်ရာ ဘွဲ့ကြို ဘွဲ့လွန်သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပါသည်။

## Faculty of Business
- BA (Hons) Business Administration
- BA (Hons) Accounting

## Faculty of Engineering
- BEng (Hons) Civil Engineering
- BEng (Hons) Architectural Engineering
- BEng (Hons) Civil Architectural Engineering
- BEng (Hons) Electronic Engineering
- BSc (Hons) Construction Management

"ဝင်ခွင့်လိုအပ်ချက်"
- တက္ကသိုလ်ဝင်တန်း (သို့မဟုတ်) IGCSE 'O' Level အောင်မြင်ထားသူများ လျှောက်ထားနိုင်ပါသည်။
- Business အတွက် ၃နှစ် နှင့် Engineering အတွက် ၄နှစ်ခွဲ တက်ရောက်ရမည်။
- ဂုဏ်ထူးတန်းအောင်မြင်ပါက UOB ၌ ရန်ကုန်၌ပင် ဘွဲ့နှင်းသဘင်သို့ တက်ရောက်ရယူနိုင်ပါသည်။

ရန်ကုန်- Block-10, Phase-3, MICT Park, လှိုင်တက္ကသိုလ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၅၀၇၁၅၁/၅၂ ၀၉၄၂၀၂၅၄၈၇၂
မန္တလေး- B 15/16 ၊ မန္တလေးမြို့၊ ဖုန်း - ၀၉၇၈၃၈၀၀၀၆၂-၆၃-၆၄


## ကန့်ကွက်နိုင်ပါသည်

ညွှန်ကြားချက်အရ –

ဒေါ်ခင်ခင်ဦး (LL.B)
အထက်တန်းရှေ့နေ
ဒေါ်ဆွေဆွေ (LL.B, D.B.L., D.I.L.)
တရားလွှတ်တော်ရှေ့နေ
ဦးစောစောဝင်းအောင် (LL.B, D.B.L.)
အထက်တန်းရှေ့နေ

# ကြော်ငြာ

## (၉၂)နှစ်မြောက်မွေးနေ့မင်္ဂလာ

ပုသိမ်မြို့၊ (၇၇)၊ မရမ်းချိုလမ်းနေ ချစ်မေမေ ဒေါ်စန်းမြင့်၏ ၆-၇-၂၀၁၇ ရက်တွင် ကျရောက်သော (၉၂)နှစ်မြောက်မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း (၁၂၀) တိုင်အောင် နေ့စဉ်ပြုလုပ်မြဲဖြစ်သည့် ဒါန၊ သီလ၊ ဘာဝနာတရားများကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် ပြုလုပ်ဆောင်ရွက်နိုင်ပြီးလျှင် ဝိပဿနာတရားများကို တစ်နေ့တခြားပွားများအားထုတ်နိုင်ပါစေကြောင်း ချစ်သောသား၊ သမီး၊ မြေးများက ဆုမွန်ကောင်းတောင်းခြွေကြပါသည်။

| ချစ်သား၊ သမီး | ချစ်မြေးများ |
|---|---|
| ဒေါက်တာ ရဲထွန်း-ဒေါက်တာရီရီမြင့် | Raymand Ye, Michael Ye |
| ဒေါက်တာစိန်ဝင်း-ဒေါက်တာခင်ခင်မြင့် | ဆုအိမ္ဘြေစံ၊ ပြည့်မြတ်ကောင်း၊ ဆုမွန်သဥ္ဇာ |
| ဦးအောင်သန်းဦး-ဒေါ်တင်မာအေး | သူရလင်း၊ မြတ်သူ၊ သိန်းထိုက်အောင် |
| ဦးသောင်းထွန်း-ဒေါ်အေးအေးမြင့် | စုလဲ့မျိုး၊ မေသူခိုင်၊ ကောင်းမြတ်လင်း |
| ဦးအောင်သိန်းလွင်-ဒေါ်အေးအေးသန်း | ဒီမိုအောင်၊ သန့်စင်ပြုံး |
| ဒေါက်တာနေလင်း-ဒေါက်တာညွန့်ညွန့်စိန် | ဉာဏ်လင်းထက်၊ ထက်ဝတီလင်း |

## (၁၀)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်

ဆရာ ဗိုလ်မှူးကျော်လျန်ဇာထွန်းနှင့် မမမေသူခိုင်တို့၏ ၆-၇-၂၀၁၇ရက်တွင် ကျရောက်သော (၁၀)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်မှ သက်ဆုံးတိုင် ကျန်းမာပျော်ရွှင်သော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

**ချစ်တပည့်များ**

mm.net

Computer & Network Services

KLian Trading Co.,Ltd

Pyin Oo Lwin

## အသိပေးနှိုးဆော်ခြင်း

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ၁၆/၂ ရပ်ကွက်၊ စွန်းလွန်းဂူဝိပဿနာ ကျောင်းတိုက်၌ ကျေးဇူးတော်ရှင် မြင်းခြံစွန်းလွန်း ဆရာတော်ဘုရားကြီး ဦးကဝိ၏ နည်းနာနိဿယအတိုင်း နှစ်စဉ်ဖွင့်လှစ်မြဲဖြစ်သော တစ်လလျှင်တစ်ကြိမ်၊ (၇) ရက်အဓိဋ္ဌာန် တရားစခန်း ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသော အမျိုးသား/အမျိုးသမီး ယောဂီသူတော်စင်များအနေဖြင့် စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်၊

၉-၇-၂၀၁၇ရက် (တနင်္ဂနွေ) စတင်မည်။ (လပြည့်နေ့ ညနေ အရောက်လာရမည်။)

ဆက်သွယ်ရန် ဖုန်းနံပါတ်-၀၉-၅၅၀၀၄၂၉

၀၉-၂၅၄၂၅၄၃၃၂

၀၉-၄၅၀၀၂၀၀၇၆

**နာယကဆရာတော်များအဖွဲ့**


လိုနေသူကို ပေးမကျွံ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်

**ဆရာမိုး Follow Me Ph.D (USA)** **IELTS** တန်းခွဲသစ် လက်ခံပြီ

Universal Institute of ESL (USA) မှ Certificate ချီးမြှင့်သည့်

ENGLISH 4 SKILLS Level (1,2) ၄ လ နှင့်

ENGLISH 4 SKILLS Level (1)

Essay, Letter

4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။

Certificate in Business English Speaking ၃ လ အထူး

SPEAKING သီးသန့် ၄ လ အတန်း လက်ခံပြီ။

4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၄ လ အထူး လက်ခံပြီ။

ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။

0943125393

01 398118, 295798

YANGON BUSINESS ACADEMY (YBA)

INTERNATIONAL BUSINESS EDUCATION & CORPORATE TRAINING CENTRE

Marketing Management

(ဈေးကွက်စီမံခန့်ခွဲမှုသင်တန်း)

Second Batch

Action Learning



(Action Learning)

သင်တန်းသား (၂၀) ဦးသာ လက်ခံပါမည်။

80,000 Kyat

(14 Hours) 2 Day

08 July 2017

Sat / Sun 9:00 AM to 5:00 PM

Block C, Level 9, Room-901, Dagon Centre (1), Bargayar Road, San Chaung Township, Yangon, Myanmar.

Tel: +959 457 200 400, +959 457 200 500, +959 457 200 600

သတိုးအောင်ဇေယျ ကွန်ပျူတာ

Laptop(လက်တော့) ... Facebook တွင် "... computer" ... Online Ph No များ

09-766903430,421065637, 444466681~82~83/ 445843633

ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း

CCTV လုံခြုံရေး ကင်မရာ တပ်ဆင်ပေးခြင်း



"4ch ၄ လုံး တစ်စုံ"

"8ch ၈ လုံး တစ်စုံ"

"190000 ks"

HDCVI

"၂၅၀၀၀၀ ကျပ်"

Finger Print

Link to Link

8ch, 2T HD= 390000 ကျပ်

16ch, 4T HD= 770000 ကျပ်

09-44580 8040, 09-44580 8050

ဟိုတယ်ကို 5 STAR အဆင့်မြှင့်တင်ဖို့ဆိုရင် ဟိုတယ်တိုင်းမှာ ခေတ်မီရေကူးကန်ရှိဖို့လိုတယ်




ရေကူးကန် ဆောက်ချင်လို့ဘဲဖြစ်ဖြစ်၊ ရေကူးကန်သုံးပစ္စည်းဝယ်ချင်လို့ဘဲဖြစ်ဖြစ် Super Rich Man Swimming Pool Specialized Company ရဲ့ Show Room ကို ဖုန်းတစ်ချက်ဆက်လိုက်ပါ။

အမှတ်-(၂၉/ဘီ)၊ တောင်မြင်းပြိုင်တွင်းလမ်း၊ တာမွေမြို့နယ်၊ 01-401518, 01-8604064 VIBER : 09-784711147

Email:richmanpool@gmail.com WEBSITE:www.superrichmanpools.com Facebook:www.facebook.com/superrichmanpool

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာအမျိုးသား၊ ကချင်တိုင်းရင်းသားတစ်ဦးအနေဖြင့် အမိမြေ ရန်ကုန်မြို့၌ ၃၀-၆-၂၀၁၇ရက်တွင် ကျင်းပသော LIGHT OF A NATION MMA ပြိုင်ပွဲတွင် လက်ရှိမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်သူ ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်အား မြန်မာ့စိတ်၊ ပြည်ထောင်စုစိတ်ဖြင့် အောင်မြင်စွာ ယှဉ်ပြိုင်ထိုးသတ်ပြီး ကမ္ဘာ့ချန်ပီယံဘွဲ့ကို ဆွတ်ခူးရယူနိုင်ခဲ့သည့် **အောင်လအန်ဆန်**အတွက် အတိုင်းအဆမရှိ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

၎င်းပြိုင်ပွဲတွင် ပြည်ထောင်စုစိတ်ဓာတ်၊ မြန်မာနိုင်ငံသားစိတ်ဓာတ်၊ တိုင်းရင်းသားအချင်းချင်းအပေါ် ချစ်ခင်မြတ်နိုးသောစိတ်ဓာတ်တို့ဖြင့် သွေးရင်းသားရင်းများဖြစ်ကြသော မြန်မာများ၊ ကမ္ဘာအရပ်ရပ်ရှိ မြန်မာတိုင်းရင်းသားများ၊ မြန်မာကို ချစ်သော ကမ္ဘာသူ၊ ကမ္ဘာသားများအားလုံးက **အောင်လအန်ဆန်**ကို အသည်းလှိုက်၊ အူလှိုက်အားပေးခဲ့ကြပါသည်။ **အောင်လအန်ဆန်**က အနိုင်ရလိုက်ကြောင်း ကြေညာသောအခါ အားလုံးဝမ်းသာမဆုံး ဖြစ်ခဲ့ကြရပါသည်။ "ကမ္ဘာမှာ မြန်မာဟေ့"ဟု ဟစ်ကြွေးလိုက်ပါသည်။ ကမ္ဘာ့မစ်ဒယ်ဝိတ်ချန်ပီယံ **အောင်လအန်ဆန်**အတွက် အတိုင်းအဆမရှိ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

- မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း(MCEA)
  (တိုင်းနှင့်ပြည်နယ်အသင်းများနှင့် အသင်းဝင်များအားလုံး)
- မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်

ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ် တတ-၁၃/၀၀/၂၂

## ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၏ ဂုဏ်ယူဖွယ်ရာအောင်မြင်မှုများ

ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်းသည် (၂၀၁၄-၁၅/၂၀၁၅-၁၆/၂၀၁၆-၁၇) ပညာသင်နှစ်တွင် ၃-နှစ်ဆက်တိုက် အောင်ချက်အကောင်းဆုံးကျောင်းဖြစ်ပြီး

၂၀၁၆-၁၇ပညာသင်နှစ်ရန်ကုန်တိုင်းဒေသကြီးတွင် (၉၂.၁၁%)ဖြင့် အောင်ချက်အကောင်းဆုံး(ပထမ)ကျောင်းဖြစ်ပြီး ဝိဇ္ဇာသိပ္ပံတွဲတွင် မြန်မာတစ်နိုင်ငံလုံး တတိယဆုဆွတ် (Top-3)



အတွဲ (၀) ဘောဂဗေဒအောင်ချက် (၈၂.၄၅%)
အတွဲ (၇) ဇီဝဗေဒအောင်ချက် (၁၀၀%)
တစ်ကျောင်းလုံးအောင်ချက် (၉၂.၁၁%)

Repeater တန်းခွဲသစ်များလက်ခံပြီ

Repeater တန်းခွဲသစ်များ July(3)ရက် တနင်္လာနေ့ စမည်။

၅-တန်း မှ ၁၀-တန်း အထိ
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

Ferry ရှိသည်

အမှတ် ၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။ ဖုန်း ၀၉ ၂၅၉ ၂၅၈၄၀၇၊ ၀၉ ၉၈၅၈၀၀၉၈၁၊ ၀၉ ၄၄၅၃၄၀၀၇၇၊ ၀၉ ၇၃၀၀၄၇၂၂၊ ၀၁ ၈၅၆၂၈၃၀

## " ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက် "

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ်-( ၁၀၅ ) ၄-လွှာတွင် နေထိုင်သူ **ဦးမိုဟာမက်ဖာရွတ်** ( ၁၂/ပဘတ (နိုင်) ၀၀၇၆၂၂ )သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို ရန်ကုန်တိုင်းဒေသကြီးစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မိမိတစ်ဦးတည်းမူပိုင် အမှတ်တံဆိပ်များအဖြစ် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

sericite — A name of quality & pleasing design ( IV-၁၀၂၀၆/၂၀၁၅ )
PREMIER — Fans & Exhaust Fans ( IV-၁၀၂၀၈/၂၀၁၅ )
Rovato® ( IV-၁၀၂၀၉/၂၀၁၅ )
CLASSICA — Digital Wall Tiles ( IV-၁၀၂၁၁/၂၀၁၅ )
YAMAGUCHI® — Water Pumps & Pressure Pumps ( IV-၁၀၂၁၃/၂၀၁၅ )

အထက်တွင်ကပ်နိုင်ဖော်ပြထားသော " sericite " ၊ " PREMIER " ၊ " Rovato " ၊ " CLASSICA " နှင့် " YAMAGUCHI " ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို အသုံးပြု၍ မှတ်ပုံတင်သွင်းကြေညာသူ **ဦးမိုဟာမက်ဖာရွတ်**သည် **" ကြွေထည်ဘိုထိုင်၊ ကြွေအိုး၊ ကြွေဘေစင်၊ ကြွေလက်ဆေးခွက်၊ ကြွေထည်ပစ္စည်းအမျိုးမျိုး အိမ်သာသုံးပစ္စည်းအမျိုးမျိုး နံရံထွက်ခေါင်း၊ ဘုံဘိုင်ခေါင်း၊ ရေပိုက်ခေါင်း၊ စတီးခေါင်း၊ ရေပူရေအေးခေါင်း၊ ဘတ်တတ်မေဖာခေါင်း၊ ဘေစင်ခေါင်း၊ နံရံ/ဘေစင်/ရေချိုးခန်းသုံး ခေါင်းမျိုးစုံ၊ ဆပ်ပြာခွက်၊ စက္ကူလိပ်၊ တဘက်တင်စင်၊ တဘက်တန်း၊ အကျီချိတ် ဒီဇိုင်းမျိုးစုံ၊ မယ်တယ် Shower၊ လက်ကိုင် Shower အမျိုးမျိုး၊ နံရံကပ်ကြွေပြားအမျိုးမျိုး၊ အောက်ခင်းကြွေပြားအမျိုးမျိုး၊ ကြွေပြားအမျိုးမျိုး၊ ပန်ကာအမျိုးမျိုး၊ အညှော်စုပ်စက်၊ လျှပ်စစ်မော်တာမျိုးစုံ၊ Water Pumps၊ Pressure Pumps၊ ရေစုပ်စက်နှင့် ရေတင်စက်အမျိုးမျိုး "** တို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ဆင်တူယိုးမှားတုပပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားတုပ ပြုလုပ်၍သော်လည်းကောင်း၊ အတုအပပြုလုပ်၍ ထုတ်လုပ်ခြင်း၊ မှာယူတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ** **ဦးသွင်ဇာနည်ဦး(အထက်တန်းရှေ့နေ) (စဉ်-၄၈၄၇၄)** **ဦးအိနှစ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၁)**
**အမှတ်-(၁၇၆/၁၇၈) ပထမထပ်၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့။ ဖုန်း- ၃၉၂၂၃၄၊ ၃၉၂၂၃၅ ၊ ၂၉၆၁၃၂။**


အကန့်အသတ်မဲ့တဲ့
မြန်နှုန်းမြင့် 4G
မြန်မာ့ပထမဆုံးနဲ့
အမြန်ဆုံး 4G အင်တာနက်ဟာ
ပိုပြီးမြန်ဆန်လာပါပြီ
ooredoo
ပျော်ရွှင်စံစား အင်တာနက်စွမ်းအား
4G PLUS


telenor
pyone play
MRTV-4
တယ်လီနော 4G LTE နဲ့ဆို
အဝိုင်းမလည်တော့ဘူး
ဗီဒီယိုတွေ မနားတမ်းကြည့်ကြမယ်

# ကြော်ငြာ

သန်းဝေဦးနှင့်ဈေးရောင်းရင်းများ

Pls: 01-380141, 01-243863, 09-43043109, 09-73251422

---

**E.F.R** Seconda Casa Beach Resort & Restaurant

**Monsoon Special Promotion**

ငွေဆောင်ကမ်းခြေ ရဲ့ အလှတွေကို ခံစားရင်း ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေနဲ့အတူ သင့်အားစောင့်ကြိုနေမယ့် **E.F.R**

Hot Line (Yangon) 09-73088441, 09-977286287
Ngwe Saung: 042-40282, 042-40398, 09-977890091
09-977286285, 09-251130377, 09-454899739

---

ရှေးဦးကြီး

Hotel (Visa) 75000

35000

09421073634, 777636630

---

လှိုင်းရောင်စီ ပွဲဒါန်

420144148, 421163797

---

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
အိတ်ဖွင့်လေလံ တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနရှိ အသုံးပြုပြီးသော ပစ္စည်းဟောင်းများကို အိတ်ဖွင့်လေလံ တင်ဒါစနစ်ဖြင့် လေလံတင် ရောင်းချမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်လေလံတင်ဒါတင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

(က) အိတ်ဖွင့်လေလံတင်ဒါပုံစံရောင်းချမည့်ရက် -၃-၇-၂၀၁၇ရက်မှ ၂-၈-၂၀၁၇ရက်ထိ (ရုံးချိန်အတွင်း)

(ခ) အိတ်ဖွင့်လေလံတင်ဒါအာမခံတင်သွင်းရမည့်ရက်/အချိန် -၃-၈-၂၀၁၇ရက်၊ မွန်းတည့် ၁၂း၀၀နာရီ

(ဂ) တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ -ရုံးအမှတ်(၄၃)၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)နေပြည်တော်။

၂။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ညွှန်ကြားရေးမှူး၊ ဖုန်း-၀၆၇-၄၁၀၀၁၉ နှင့် ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၆၇-၄၁၀၃၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

---

VICTORIA UNIVERSITY COLLEGE

Partnership with UNIVERSITY OF WOLVERHAMPTON
KNOWLEDGE • INNOVATION • ENTERPRISE

ပြည်တွင်း VUC တွင် တက်ရောက်ပြီး အင်္ဂလန်နိုင်ငံ University of Wolverhampton မှ တိုက်ရိုက် ချီးမြှင့်ပေးအပ်မည့် –

- Bachelor of Arts Honours in Business Management
- Bachelor of Engineering Honours in Civil Engineering
- Bachelor of Engineering Honours in Mechatronics Engineering
- Bachelor of Science Honours in Architectural Design Technology

အထက်ဖော်ပြပါသင်တန်းများအတွက် အခြေခံပညာအထက်တန်းအောင်မြင်သူများ (သို့) ညီမျှသော နိုင်ငံတကာအသိအမှတ်ပြု အောင်လက်မှတ်ရရှိသူများသည် သက်ဆိုင်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်လျှောက်ထားရပါမည်။ (အမှတ်စာရင်း ကန့်သတ်ချက်မရှိပါ။)

သင်တန်းတွင် စာတွေ့လက်တွေ့ (၃)နှစ်ခွဲ သင်ယူရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ဆရာမများနှင့် UOW မှ ဆရာများမှ ပူးတွဲ သင်ကြားပို့ချမည်ဖြစ်သည်။

HND အောင်မြင်ပြီးသူများ၊ အစိုးရ BTech အောင်မြင်ပြီးသူများနှင့် အခြား နိုင်ငံတကာ အသိအမှတ်ပြု Level 5 အဆင့် အောင်မြင်ပြီးသူများသည် UK ဘွဲ့ နောက်ဆုံးနှစ် သင်တန်းသို့ တက်ရောက်ရန်လျှောက်ထားနိုင်သည်။

**သင်တန်းကာလပြီးဆုံးပါက အင်္ဂလန်နိုင်ငံ (သို့) ပြည်တွင်းတွင် ကျင်းပမည့် ဘွဲ့နှင်းသဘင် အခမ်းအနားတက်ရောက်ရယူရမည်။**

အသေးစိတ်အချက်အလက်များကို စုံစမ်းရန် ကျောင်းသားရေးရာဌာန

ရန်ကုန် – အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း (MMB Tower) ၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၂၅၉၂၇၁၀၉၄။
မန္တလေး –အမှတ် (၁၅၁)၊ ၂၈လမ်း (၇၇ ထ ၇၆) ၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း – ၀၂ ၃၁၁၅၄၊ ၀၉ ၂၆၅၅၇၄၇၃၈၊ ၀၉ ၅၀၆၀၇၂၀၊ ၀၉ ၇၈၅၉၆၀၇၂၀။

---

ပထမဦးဆုံး မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်

**နေရာတိုင်းဆောင်ထား**

- အရောက်ပို့
- တပ်ဆင်
- ရှင်းပြ

Since 2001

Rain Flower



5 Year Warranty

ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၀၀၀၈၃၀
-၀၉-၇၃၀၀၀၈၃၁
-၀၉-၄၅၀၇၃၀၀၀၅
-၀၉-၄၅၀၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၀၅၄၆၇၀
-၀၉-၄၅၀၇၃၀၀၀၈
ဥ-ရိုင်း ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆
ပေါက်တောသ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၅၈
-၀၉-၇၃၁၂၆၀၅၇
-၀၉-၃၀၄၇၁၆၅၄
-၀၉-၄၅၀၇၃၀၀၀၂
နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၀
-၀၉-၃၁၁၃၆၂၆၀
မန္တလေး
ဖုန်း -၀၉-၄၂၀၀၈၄၂၂
-၀၉-၆၅၀၀၄၀၃

---

**Topsyne®**

FDA ထောက်ခံချက်အမှတ် - 1309 PC 0021





Herbal Cream (ငွေရောင်ဘူး)

Herbal Cream (ပန်းပွင့်ပုံဘူး)

(ကျား/မ မခွဲခြားသုံးနိုင်သည်)

Apple Production Co., Ltd

# နှစ်(၇၀)ပြည့် အာဇာနည်နေ့တွင် အတွင်းဝန်ရုံးရှိ ပါလီမန်အဆောက်အအုံ၊ ဝန်ကြီးများ အစည်းအဝေးခန်းမအပါအဝင် နေရာသစ်များအား အများပြည်သူသို့ လေ့လာခွင့်ပြုမည်


ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(ယခင်အတွင်းဝန်များရုံး)အတွင်း သတင်းမီဒီယာအဖွဲ့များ လှည့်လည်ကြည့်ရှုကြစဉ်။(ဇော်မင်းလတ်)

**ရန်ကုန် ဇူလိုင် ၅**

ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် နှစ်(၇၀)ပြည့် အာဇာနည်နေ့တွင် ရန်ကုန်မြို့ အတွင်းဝန်ရုံးအတွင်းရှိ တိုင်းပြုပြည်ပြုလွှတ်တော်ရုံး(ပါလီမန်အဆောက်အအုံ)၊ ကက်ဘိနက် ဝန်ကြီးများအစည်းအဝေးခန်းတို့ အပါအဝင် နေရာသစ်များကို အများပြည်သူသို့ လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း အတွင်းဝန်ရုံး ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မမေသန္တာဝင်းက ပြောသည်။

ယခုနှစ်တွင် ပထမဦးဆုံးအကြိမ်အဖြစ် နေရာသစ်များကို အများပြည်သူ ကြည့်ရှုလေ့လာခွင့်ရရှိရန် ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဇူလိုင် ၁၉ ရက် အာဇာနည်နေ့တွင် နံနက် ၈ နာရီခွဲမှ စတင်ကာ အများပြည်သူများသို့ ကြည့်ရှုလေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

"အရင်နှစ်တွေနဲ့မတူဘဲ ဒီနှစ်မှာ တိုင်းပြုပြည်ပြုလွှတ်တော်ရုံး(ပါလီမန်အဆောက်အအုံ)ကို အများပြည်သူလေ့လာနိုင်ဖို့ ပထမဆုံးအကြိမ် ဖွင့်ပေးသွားမယ်။ အဲဒီအဆောက်အအုံက ၁၉၂၀ ခုနှစ်ကျော်လောက်ကတည်းက ဆောက်ခဲ့တဲ့ဟာ။ မြန်မာနိုင်ငံရဲ့

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❒

# မြန်မာ ယူ-၂၂ အသင်း အာရှခြေစစ်ပွဲနှင့် ဆီးဂိမ်းအတွက် ပြန်လည်လေ့ကျင့်


မြန်မာ ယူ-၂၂ အသင်း လေ့ကျင့်မှုများ ပြုလုပ်နေစဉ်။

**ရန်ကုန် ဇူလိုင် ၅**

မြန်မာ ယူ-၂၂ အသင်းသည် အာရှ ယူ-၂၃ ခြေစစ်ပွဲနှင့် (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် ပြန်လည်လေ့ကျင့်လျက်ရှိပြီး အဓိက ပြိုင်ပွဲနှစ်ခုဖြစ်သောကြောင့် အောင်မြင်မှုရရန် ကြိုးပမ်းပြင်ဆင်လျက်ရှိသည်။

အဆိုပါခြေစစ်ပွဲ အုပ်စု(စ) ပွဲစဉ်များကို ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင် မြန်မာအသင်းနှင့်အတူ ဩစတြေးလျ၊ စင်ကာပူနှင့် ဘရူနိုင်းအသင်းတို့ ပါဝင်လျက်ရှိသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၈ အာရှ ယူ-၂၃ ခြေစစ်ပွဲကို အုပ်စု ၁၀ ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုထိပ်ဆုံး ၁၀ သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံး အုပ်စုဒုတိယနေရာရ ငါးသင်းတို့မှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ နောက်ဆုံးအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် တရုတ်အသင်းသည် ခြေစစ်ပွဲတွင်

**စာမျက်နှာ ၉ ကော်လံ ၄ သို့** ❖



# ကော့သောင်းနှင့် ဘုရားသုံးဆူနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာအလုပ်သမားများအား ကူညီစောင့်ရှောက်

**ကော့သောင်း ဇူလိုင် ၅**

ထိုင်းနိုင်ငံအတွင်း အလုပ်သွားရောက်လုပ်ကိုင်လျက်ရှိသည့် အထောက်အထားမဲ့ မြန်မာအလုပ်သမား အမျိုးသား ၅၇ ဦး၊ အမျိုးသမီး ၅၆ ဦးနှင့် ကလေးငယ် ၁၁ ဦး အပါအဝင် ၁၂၄ ဦးသည် ဇူလိုင် ၅ ရက်ညနေပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ပဲ့ချိတ်စက်လှေငါးစင်းဖြင့် ရေလမ်းခရီးမှ ကော့သောင်းနယ်စပ်ဂိတ်သို့ စတုတ္ထအသုတ်အဖြစ် ပြန်လည်ဝင်ရောက်လာကြောင်း သိရသည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့** ✱

